# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း (၁၁)ရက် ၊ ကြာသပတေးနေ့ ၊ (26-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့် တပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့် လေတပ်စစ်သံမှူးတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက် ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်နှင့် လေတပ်တို့အကြား အပြန်အလှန်ချစ်ကြည်ရေး ခရီးစဉ်များ

**စာမျက်နှာ ၁၉ ကော်လံ ၁**




ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်
အယ်ဒီတာ့အာဘော်

## အွန်လိုင်းလိမ်လည်လောင်းကစားမှုမှန်သမျှကို ဝိုင်းဝန်းတိုက်ဖျက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရသည် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသောနိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည်။ ထိုသို့ ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ ယခင်ကလည်း လွှဲပြောင်းပေးခဲ့သည်။

ယခုအခါတွင်လည်း အင်ဒိုနီးရှားနိုင်ငံသား ၁၀၁ ဦး၊ နမီးဘီးယားနိုင်ငံသား ခြောက်ဦး၊ သီရိလင်္ကာနိုင်ငံသား ငါးဦး၊ ကင်ညာနိုင်ငံသား လေးဦး၊ အိန္ဒိယနိုင်ငံသား လေးဦး၊ တောင်အာဖရိကနိုင်ငံသား လေးဦး၊ ဇင်ဘာဘွေနိုင်ငံသား သုံးဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား သုံးဦး၊ မလေးရှားနိုင်ငံသား နှစ်ဦး၊ ဘီနင်နိုင်ငံသား တစ်ဦးနှင့် ဘူရွန်ဒီနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၄ ဦးတို့ကို ဖေဖော်ဝါရီ ၂၄ ရက်က မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရသည် ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သည်ဟုသံသယရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများက ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသား ၁၆၈ ဦးကိုလည်း ဖေဖော်ဝါရီ ၂၃ ရက်က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်ဖြင့် နိုင်ငံရပ်ခြားတွင် အတိဒုက္ခမရောက်စေရေး မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူခဲ့ပြီး နေရပ်အသီးသီးသို့ နွေးထွေးကြင်နာမှုအပြည့်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများသည် ပြည်သူ့အကျိုးစီးပွားပျက်စီးမှုကိုသာဖြစ်စေပါသောကြောင့် ထိထိရောက်ရောက်ရှာဖွေဖော်ထုတ်တိုက်ဖျက်နှိမ်နင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွပူးပေါင်းလက်တွဲပါဝင်တိုက်ဖျက်ကြရန်လိုအပ်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

## မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၁၄၄၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၁၄၄၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၈၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၄၄၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပိဿာချိန် ၄၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ကြက်သွန်နီ ၁၈၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီစိုက်ခင်းတွေကို အခုလက်ရှိအချိန်မှာတော့ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၄၄၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ကြက်သွန်နီစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန်၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ကန်ကြီးထောင့်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေ



**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကန်ကြီးထောင့်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဖေဖော်ဝါရီလဒုတိယပတ်မှ ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ပတ်လျှင် စားတော်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၅၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"စားတော်ပဲက အရင်ကထက်တော်တော်လေး အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာတာကြောင့် အခုလို စားတော်ပဲတွေ အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ် ကောင်းနေတဲ့ စားတော်ပဲတွေက ပဲအဟောင်းတွေဖြစ်ပါတယ်။ စားတော်ပဲတွေ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အဆင်ပြေလာပါတယ်။ ဒေသထွက်စားတော်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူအားကောင်းလာပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြသည်။

အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## စဉ့်ကိုင်မြို့နယ် ကြည်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ကြည်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြည်ရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၃ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၂၃ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နတ်တလင်းမြို့နယ် သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သာစည်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၆ ဦးကို ငွေကျပ် ၃၅ ဒသမ ၆၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၀ ဦးကို ငွေကျပ် ၆ ဒသမ ၉၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**





မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်နေ ဒေါက်တာ ဦးသိန်းဟန်နှင့် ညီမ၊ တူ၊ တူမများက ဆေးပဒေသာပင်အတွက် ငွေကျပ် ၂၅၀၀၀၀၀ လှူဒါန်းရာ ပါမောက္ခ ဒေါက်တာဦးမိတ်နှင့် ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ် ၅၀၄၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကလေး ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲပုပ် ၅၀၄၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၉၁၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၀၄၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၇၁ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲပုပ် ၉၁၄၄ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲပုပ်စိုက်ခင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ အထွက်နှုန်းတိုးတက်စေဖို့အတွက် အသိပညာပေးတာတွေလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲပုပ်အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲပုပ်ကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုဘူတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များအတိုင်း အမှန်တကယ်ဆောင်ရွက်ထားရှိခြင်းရှိ၊ မရှိအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်သာကျေးရွာတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူအသက်မွေးဝမ်းကျောင်းအဖွဲ့ (၄) ဖွဲ့မှ အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အိမ်မဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၆၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၆၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထား ၇၆၇၆၈ ဧကကို ယခုနှစ် ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၇၆၆၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ စပါးကို ၇၆၇၆၈ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါးဧက ၇၆၆၆၄ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ နွေစပါးတွေ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့နဲ့ စိုက်ပျိုးသွားမဲ့စပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် စပါးကိုဒေသမြေအနေအထားနှင့် ကိုက်ညီကာ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်ခိုင်မာသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါစိုက်ပျိုးမည့်စပါးများ အထွက်နှုန်းကောင်းစေရန်၊ အပျက်အစီးအလေအလွင့်မရှိစေရန်၊ တစ်ဧကချင်းစပါးအထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေး ကောင်းစေရန်၊ စနစ်တကျပြန်လည်ရိတ်သိမ်းနိုင်ရန် စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ကူညီပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပထမအင်းဝခေတ် မြို့တော်၊ နန်းတော်များ

**ဗိုလ်ရှိတ်(ရတနာပူရ)**

**ယခင်တစ်ပတ်မှအဆက်**

**၉။ မင်းရဲကျော်စွာ (၈၀၁-၈၀၃)**

သက္ကရာဇ် ၈၀၁ ခုနှစ် (၁၄၃၉)တွင် မိုးညှင်းမင်းတရားသားတော်အကြီး မင်းရဲကျော်စွာ အင်းဝ၌ နန်းတက်သည်။ မင်းရဲကျော်စွာသည် သက်တော် ၂၉ နှစ်တွင် မင်းဖြစ်တော်မူပြီး စည်းစိမ်သုံးနှစ်၊ သက်တော် ၃၂ နှစ်၊ သက္ကရာဇ် ၈၀၃ ခုနှစ် တပို့တွဲလ (၁၄၄၂ ခုနှစ် ဇန်နဝါရီလ)တွင် နတ်ရွာစံသည်။

**၁၀။ ထူပါရုံနရပတိကြီး (၈၀၄-၈၃၀)**

မင်းရဲကျော်စွာမရှိလျှင် ထူပါရုံဘုရားဒါယကာ နရပတိကြီးသည် ပြည်မြို့က ဆန်လာ၍ သက္ကရာဇ် ၈၀၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် သောကြာနေ့ (၁၄၄၂ခုနှစ် မေ ၂၅ရက်)တွင် သီရိတြိဘဝနာဒိတျာ ပဝရနရပတိမဟာဓမ္မရာဇာဓိပတိဘွဲ့ခံ၍ အင်းဝ၌ နန်းတက်သည်။ နရပတိကြီးသည် မိုးညှင်းမင်းတရား၏ သားတော်အငယ်၊ မင်းရဲကျော်စွာမင်း၏ ညီတော်ဖြစ်သည်။ နရပတိကြီးသည် ၈၃၀ ပြည့်နှစ် ဝါခေါင်လဆန်း ၅ ရက် တနင်္ဂနွေနေ့ (၁၄၆၈ ခုနှစ် ဇူလိုင် ၂၄ ရက်)တွင် နတ်ရွာစံသည်။ အိမ်နိမ့် ၂၈၊ စည်းစိမ် ၂၆၊ သက်တော် ၅၄ တွင် နတ်ရွာစံခဲ့သည်။

**၁၁။ ပြည်စုန်မင်းသီဟသူ (၈၃၀-၈၄၂)**

ပြည်စုန်မင်းသီဟသူသည် နရပတိကြီး၏ သားတော်ဖြစ်သည်။ သက္ကရာဇ် ၈၃၀ ပြည့်နှစ် (၁၄၆၈ ခုနှစ်)တွင် မဟာသီဟသူဟူသောအမည်ကို ခံ၍ အင်းဝ၌နန်းတက်သည်။ ပြည်စုန်မင်းသီဟသူဟု အမည်တွင်ခြင်းမှာ ပြည်မင်း၊ သာယာဝတီမင်းတို့ ပုန်ကန်လေသောကြောင့် အင်းဝမှ ပြည်သို့စုန်းဆင်း၍ နှိမ်နင်းရာမှ ပြည်စုန်မင်းဟု အမည်တွင်ခြင်းဖြစ်သည်။ အိမ်နိမ့် ၃၈၊ စည်းစိမ် ၁၂၊ သက်တော် ၅၀ တွင် နတ်ရွာစံသည်။

**၁၂။ ဒုတိယမင်းခေါင် (၈၄၂- ၈၆၃)**

ပြည်စုန်မင်းသီဟသူ နတ်ရွာစံသောအခါ သားတော်ကြီး ဒုတိယမင်းခေါင်သည် သီရိသုဓမ္မရာဇာဓိပတိဟူသောအမည်ကိုခံ၍ သက္ကရာဇ် ၈၄၂ ခုနှစ်တွင် အင်းဝမြို့၌ နန်းတက်သည်။ ပထမအင်းဝခေတ်တွင် မင်းခေါင်အမည်တူ ဘုရင်နှစ်ပါးရှိနေခြင်းကြောင့် သက္ကရာဇ် ၇၆၃ ခုနှစ်တွင် နန်းတက်သော မင်းခေါင်ကို ပထမမင်းခေါင်၊ မင်္ဂလာစေတီတော်ဒါယကာ မင်းခေါင်ကို ဒုတိယမင်းခေါင်ဟူ၍ ခွဲခြားခေါ်ကြသည်။ အဝရာဇဝင်တိတ် ရာဇဝင်ပေမူ၌ မင်းခေါင်အကြီး၊ မင်းခေါင်အငယ်ဟူ၍ ခွဲခြားခေါ်ထားသည်။ ဒုတိယမင်းခေါင်သည် ၈၆၃ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက် (၁၅၀၁ ခုနှစ် ဧပြီ ၇ ရက်) တွင် နတ်ရွာစံခဲ့သည်။

**၁၃။ ရွှေနန်းကြော့ရှင် နရပတိ(၈၆၃-၈၈၈)**

သက္ကရာဇ် ၈၆၃ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက် ကြာသပတေးနေ့တွင် ဒုတိယမင်းခေါင် သားတော်မင်းဆွေသည်သီရိတြိဘဝနာဒိတျာနရပတိ ပဝရမဟာရာဇာဓိပတိ ဟူသောဘွဲ့အမည်ခံ၍ အင်းဝ၌ နန်းတက်သည်။ ဤမင်းလက်ထက်တွင် နန်းတော်ကို ပြေပြစ်ကြော့ရှင်းအောင် သေချာဂရုစိုက်၍ တည်ဆောက်သောကြောင့် ရာဇဝင်တွင် ရွှေနန်းကြော့ရှင် နရပတိဟူသောအမည်တွင်ခဲ့သည်။ ဤမင်း၏ နန်းတော်အကြောင်းကို ရှင်မဟာသီလဝံသသည် ရွှေနန်းတည် မော်ကွန်းဟူ၍ မော်ကွန်းတစ်စောင် ရေးဖွဲ့ခဲ့သည်။ ရွှေနန်းကြော့ရှင်နရပတိကိုယ်တိုင်ကလည်း အင်းဝရွှေနန်းတော်တည် ကျောက်စာဟူ၍ ရေးထိုးခဲ့သည်။ ထို့ကျောက်စာသည် ယခုတိုင် မယ်နုအုတ်ကျောင်းတောင်ဘက်၊ ထီးလှိုင်ရှင်ဘုရားအဝင်နား၌ တည်ရှိသည်။ ရှင်မဟာသီလဝံသ ရေးခဲ့သော ရွှေနန်းတော်တည် မော်ကွန်းမှာလည်း ယခုတိုင် ထင်ရှားရှိသည်။ ရွှေနန်းကြော့ရှင်နရပတိသည် အိမ်နိမ့် ၂၅၊ စည်းစိမ် ၂၅၊ သက်တော် ၅၀၊ သက္ကရာဇ် ၈၈၈ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်၊ အတာစားသည့်နေ့ (၁၅၂၇ ခုနှစ် မတ် ၁၃ ရက်) တွင် နတ်ရွာစံသည်။

**၁၄။ သိုဟန်ဘွား (၈၈၈-၁၉၀၄)**

ရွှေနန်းကြော့ရှင် နတ်ရွာစံပြီးနောက် သိုဟန်ဘွားသည် ၈၈၈ ခုနှစ်တွင် နန်းတက်သည်။ သိုဟန်ဘွားသည် အင်းဝရာဇဝင်ကို အမည်းကွက်စွန်းထင်စေသော မင်းတစ်ပါးဖြစ်သည်။ ရတနာသုံးပါးကို

**❖ သက္ကရာဇ် ၈၆၃ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက် ကြာသပတေးနေ့တွင် ဒုတိယမင်းခေါင်သားတော်မင်းဆွေသည် သီရိတြိဘဝနာဒိတျာနရပတိ ပဝရမဟာရာဇာဓိပတိဟူသောဘွဲ့အမည်ခံ၍ အင်းဝ၌နန်းတက်သည်။ ဤမင်းလက်ထက်တွင် နန်းတော်ကို ပြေပြစ်ကြော့ရှင်းအောင် သေချာဂရုစိုက်၍ တည်ဆောက်သောကြောင့် ရာဇဝင်တွင် ရွှေနန်းကြော့ရှင် နရပတိဟူသောအမည်တွင်ခဲ့သည်။ ဤမင်း၏ နန်းတော်အကြောင်းကို ရှင်မဟာသီလဝံသသည် ရွှေနန်းတည်မော်ကွန်းဟူ၍ မော်ကွန်းတစ်စောင်ရေးဖွဲ့ခဲ့သည်။ ရွှေနန်းကြော့ရှင်နရပတိကိုယ်တိုင်ကလည်း အင်းဝရွှေနန်းတော်တည်ကျောက်စာဟူ၍ရေးထိုးခဲ့သည်။❖**

မရှိသေးပေ။ ရဟန်းသံဃာများကို သတ်သည်။ ဘုရားပုထိုးများကို ဖြိုဖျက်၍ ဌာပနာဖောက်သည်။ ထို့ကြောင့် မင်းကြီးရန်နောင်ဦးဆောင်၍ သိုဟန်ဘွားကို လုပ်ကြံသတ်ဖြတ်ခဲ့သည်။ မင်းကြီးရန်နောင် သိုဟန်ဘွားကိုလုပ်ကြံသောနှစ်မှာ သက္ကရာဇ် ၉၀၄ ခုနှစ် ကဆုန်လ (၁၅၄၂ ခုနှစ် ဧပြီလ)ဖြစ်သည်။ သိုဟန်ဘွားသည် အသက် ၂၂ နှစ်တွင် အင်းဝကိုစားသည်။ ၁၅ နှစ်ကြာသည်။ အသက် ၃၇ တွင် နတ်ရွာစံသည်။

**၁၅။ အုန်းဘောင်ခုံမှိုင်း (၉၀၄-၉၀၇)**

သိုဟန်ဘွားကို လုပ်ကြံပြီးသောအခါတွင် မှူးမတ်၊ ပြည်သူအပေါင်းတို့သည် မင်းကြီးရန်နောင်ကို မင်းပြုရန်တောင်းဆိုသော်လည်း မင်းကြီးရန်နောင်က ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် အုန်းဘောင်ခုံမှိုင်းကို နန်းတင်ခဲ့ကြသည်။ အုန်းဘောင်ဆိုသည်မှာ ယခုသီပေါမြို့ကိုဆိုခြင်းဖြစ်သည်။ အုန်းဘောင်ခုံမှိုင်းသည် သက္ကရာဇ် ၉၀၄ ခုနှစ် ဝါဆိုလ (၁၅၄၂ ခုနှစ် ဇွန်လ) အင်းဝ၌ နန်းတက်သည်။ အုန်းဘောင်ခုံမှိုင်း အင်းဝ၌ နန်းတက်သောအခါ သက်တော် ၄၅ နှစ်ရှိပြီဖြစ်သည်။ စည်းစိမ်လေးနှစ် သက္ကရာဇ် ၉၀၇ ခုနှစ် သက်တော် ၄၉ နှစ်တွင် နတ်ရွာစံသည်။

**၁၆။ မိုးဗြဲနရပတိ (၉၀၇-၉၁၃)**

သက္ကရာဇ် ၉၀၇ ခုနှစ် (၁၅၄၅ ခုနှစ်)တွင် အုန်းဘောင်ခုံမှိုင်းသား မိုးဗြဲနရပတိမင်းပြုသည်။ နရပတိဟူသောအမည်ဖြင့် အင်းဝ၌ နန်းတက်သည်။ သက္ကရာဇ် ၉၀၇ ခုနှစ်တွင် စစ်ကိုင်းမြို့ကိုတည်၍ မင်းပြုသော စစ်ကိုင်းစည်သူကျော်ထင်နှင့် မကြာခဏ စစ်ဖြစ်သည်။ သက္ကရာဇ် ၉၁၃ ခုနှစ်တွင် စစ်ကိုင်းစည်သူကျော်ထင်က အင်းဝကိုတိုက်မည်ဟု စစ်ရေးပြင်ဆင်သည်။ မိုးဗြဲနရပတိမင်းသည် စစ်ကိုင်းစည်သူကျော်ထင်ကို မယှဉ်ဝံ့၍ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီးထံ သွားရောက်ခိုလှုံရာ၌ နန်းကျခဲ့သည်။ မိုးဗြဲနရပတိသည် အသက် ၃၀ တွင် အင်းဝ၌ နန်းတက်သည်။ နန်းစည်းစိမ်ခြောက်နှစ်၊ အသက် ၃၆ နှစ်တွင် နန်းကျသည်။

**၁၇။ စစ်ကိုင်းစည်သူကျော်ထင် (၉၁၃-၉၁၆)**

မိုးဗြဲနရပတိအင်းဝ၌မရှိသောအခါတွင် စစ်ကိုင်းစည်သူကျော်ထင်သည် စစ်ကိုင်းမှ အင်းဝသို့ကူး၍ သက္ကရာဇ် ၉၁၃ ခုနှစ် (၁၅၅၁ ခုနှစ်)တွင် နရပတိဟူသောအမည်ဖြင့် မင်းပြုသည်။ သက္ကရာဇ် ၉၁၆ ခုနှစ် နတ်တော်လဆန်း လေးရက်၊ ဗုဒ္ဓဟူးနေ့ (၁၅၅၄ ခုနှစ်အောက်တိုဘာ ၂၈ ရက်တွင်) ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီမှ အင်းဝသို့ချီလာ၍ အင်းဝကိုတိုက်သည်။ သက္ကရာဇ် ၉၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် လေးရက်၊ တနင်္ဂနွေနေ့ (၁၅၅၅ ခုနှစ် ဇန်နဝါရီ ၁၀ရက်) တွင် အင်းဝမြို့ကို သိမ်းတော်မူသည်။ ဘုရင့်နောင်မင်းတရားကြီး အင်းဝမြို့သိမ်းယူသောနှစ်ကို ဦးကုလား၏ မဟာရာဇဝင်ကြီးအတိုင်း ပြဆိုခဲ့ခြင်းဖြစ်သည်။ ပုဂံရွှေစည်းခုံရှိဘုရင့်နောင်မင်းတရားကြီး ခေါင်းလောင်းစာကြောင်းရေ ၁၂ ၌ "သက္ကရစ် ၉၁၆ ခုနှစ်တွင် တပေါင်းလဆန်း နှစ်ရက် အင်္ဂါနေ အသျှင်ဘဝရှင်မင်းတရားကြီး အဝကိုဝ်အလိုဝ်တော်ပြည်၏" ဟူ၍ရေးထိုးထားသဖြင့် အမှန်တကယ် အင်းဝကို သိမ်းယူခဲ့သောနေ့မှာ တပေါင်းလဆန်း နှစ်ရက်၊ အင်္ဂါနေ့ (၁၅၅၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်)ဖြစ်သည်။ ခေါင်းလောင်းစာအတိုင်းသာ အမှန်ယူသင့်သည်။

ဘုရင့်နောင်မင်းတရားကြီးသည် အင်းဝကို သိမ်းယူပြီးသောအခါတွင် စစ်ကိုင်းစည်သူကျော်ထင်ကို သနားသဖြင့် သစ္စာတော်ပေး၍ အလုပ်အကျွေး ယောကျ်ား၊ မိန်းမ ၃၀ ကျော်နှင့်ထားသည်။ ဟံသာဝတီသို့ ရောက်သောအခါတွင်လည်း ဒေတမဥယျာဉ်ရှေ့၌ သုံးဆက်အိမ်နှင့် နေရသည်။ ထိုအချိန်မှစ၍ အင်းဝမြို့သည် မင်းဆက်ပြတ်ကာ ဟံသာဝတီလက်အောက်သို့ ကျရောက်ခဲ့သည်။ စစ်ကိုင်းစည်သူကျော်ထင်သည် စစ်ကိုင်းမြို့၌ ခြောက်နှစ်၊ အင်းဝမြို့၌ သုံးနှစ်သာနန်းစံခဲ့ရသည်။

**၁၈။ သတိုးမင်းစော (၉၁၆-၉၄၅)**

ဘုရင့်နောင်မင်းတရားကြီးသည် အင်းဝမြို့ကို သိမ်းယူပြီးသောအခါတွင် ညီတော်လည်းဖြစ်၊ သမက်တော်လည်းဖြစ်သော သတိုးမင်းစောကို ဘုရင်ခံအဖြစ် အင်းဝကို အုပ်ချုပ်စေသည်။ သတိုးမင်းစော၏အမည်မှာ ဇေယျနန္ဒဖြစ်သည်။ ဘုရင့်နောင်မင်းတရားကြီးတောင်ငူတွင် ယာယီနန်းဆောက်၍ ဘိသိက်ခံသောအခါတွင် ညီတော် ဇေယျနန္ဒကို မင်းရဲကျော်ထင်ဟူသောဘွဲ့ကို ပေးခဲ့သည်။ အင်းဝမြို့ကို သိမ်းယူပြီးသောအခါတွင် ညီတော် မင်းရဲကျော်ထင်ကို သတိုးမင်းစောဟူသောဘွဲ့ဖြင့် အင်းဝကိုပေးခဲ့သည်။ ထို့ပြင် မိဖုရားခေါင်ကြီး အတုလသီရိမဟာရာဇဒေဝီမှဖွားမြင်သော သမီးတော်အကြီးနှင့် သက္ကရာဇ် ၉၁၇ ခုနှစ် (၁၅၅၅ ခုနှစ်) တွင် စုံဖက်တော်မူသည်။

သတိုးမင်းစောသည် ဘုရင့်နောင်မင်းတရားကြီး လက်ထက်တွင် အင်းဝမြို့၌ ဘုရင်ခံအဖြစ်စံနေရသော်လည်း ယောက်ဖတော် နန္ဒဘုရင်လက်ထက်တွင် မသင့်မတင့်ဖြစ်လာသည်။ ထို့နောက် သတိုးမင်းစောနှင့် ယောက်ဖတော် ဟံသာဝတီဘုရင် နန္ဒဘုရင်တို့ စစ်ဖြစ်ကြရာတွင် သတိုးမင်းစောသည် တရုတ်နိုင်ငံသို့ စစ်ကူတောင်းရန်အသွား လမ်းခရီး ခန္တီး၌ နတ်ရွာစံခဲ့သည်။

**၁၉။ မင်းလကျ်ာ (၉၄၅- ၉၄၈)**

သတိုးမင်းစောမရှိသောအခါတွင် နန္ဒဘုရင်သည် တပင်ရွှေထီးသားတော် မင်းလကျ်ာကို အင်းဝ၌ ဘုရင်ခံခန့်ခဲ့သည်။ မင်းလကျ်ာသည် သက္ကရာဇ် ၉၄၅ ခုနှစ်ကုန်ပိုင်းတွင် အင်းဝမြို့သို့ဝင်၍ ဘုရင်ခံပြုရသည်။ မင်းလကျ်ာသည် နန်းစံသက်မရှည်ပေ။ သုံးနှစ်သာနန်းစံရသည်။ ၉၄၈ ခုနှစ် သီတင်းကျွတ်လ(၁၅၈၆ ခုနှစ် စက်တင်ဘာလ)တွင် နတ်ရွာစံသည်။

**၂၀။ မင်းရဲကျော်စွာစုန် (၉၄၈-၉၅၅)**

မင်းလကျ်ာမရှိသောအခါတွင် နန္ဒဘုရင်သည် သားတော်အလတ် မင်းရဲကျော်စွာကို အင်းဝသို့ ဘုရင်ခံအဖြစ်စေလွှတ်ခဲ့သည်။ မင်းရဲကျော်စွာသည် ဘုရင့်နောင်မင်းတရားကြီးသားတော် နန္ဒဘုရင်နှင့် တပင်ရွှေထီးသမီးတော် ပဲခူးမိဖုရားတို့စုံဖက်ရာမှ ဖွားမြင်သော သားတော်ဖြစ်သည်။ သက္ကရာဇ် ၉၃၁ ခုနှစ် (၁၅၆၀ ပြည့်နှစ်)တွင် ဖွားမြင်ခဲ့သည်။ သက္ကရာဇ် ၉၅၄ ခုနှစ် (၁၅၉၂ ခုနှစ်)တွင် မင်းရဲကျော်စွာ၏ နောင်တော် အိမ်ရှေ့မင်း မဟာဥပရာဇာနတ်ရွာစံခဲ့သည်။ ထိုအခါ နန္ဒဘုရင်က သားတော်မင်းရဲကျော်စွာကို အိမ်ရှေ့ပေးရန် ဟံသာဝတီသို့ ခေါ်ယူခဲ့သည်။ ထိုအခါ မင်းရဲကျော်စွာသည် သက္ကရာဇ် ၉၅၅ ခုနှစ်တွင် အင်းဝမှ ဟံသာဝတီသို့ စုန်သွားခဲ့သည်။ ထိုသို့ အင်းဝမှဟံသာဝတီသို့ စုန်သွားသောကြောင့် မင်းရဲကျော်စွာကို အခြားသောမင်းရဲကျော်စွာတို့နှင့် ကွဲပြားစေရန် မင်းရဲကျော်စွာစုန်ဟု မှတ်တမ်းတင်ခေါ်ခဲ့ကြသည်။ တလုပ်မြို့စား သခ်ဃာရေးဖွဲ့ခဲ့သော "မင်္ဂလာညွန့်ရှင်"ချီ မင်းရဲကျော်စွာစုန်ချေါင်းသည် ဤမင်းရဲကျော်စွာစုန်ကို ဖွဲ့ဆိုထားသော ချင်းဖြစ်သည်။ မင်းရဲကျော်စွာစုန်သည် အင်းဝတွင် ခုနစ်နှစ် နန်းစံသည်။

**ဆက်လက်ဖော်ပြပါမည်။**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားချဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## အများအကျိုးအတွက်

- တစ်ပါးသူ မေတ္တာပေး
  ဘဝလေး အေးမြလာ၊
  ရောင်ပြန်ကာ အကျိုးထူး
  ကြည်နူးဝမ်းသာ၊
  ပရဟိတ ဆောင်ရွက်ပါ
  ကိုယ်စိတ်နှစ်ဖြာ လန်းဆန်း၊
  စေတနာ သဒ္ဓါနှလုံးကို
  ခြယ်မှုန်းလျက်လွှမ်း။

- မနာလို ဝန်တိုခြင်း
  မရှိကင်း ပြုံးပျော်ရွှင်၊
  လူဖြစ်ချိန် အဓိပ္ပာယ်ရှိ
  ပီတိဂုဏ်အင်၊
  နေ့စဉ်တိုင်း စိတ်ကောင်းဝင်
  မိတ်အပေါင်းပင် များပြား၊
  လောကကို အလှဆင်ရေးကို
  တွေးတောစေသား။

- အမိုက်မှောင် သင်မဖုံး
  စိတ်နှလုံး လှပါစေ၊
  ကိုယ်တိုင်သာ ပြုပြင်လျက်
  ဆောင်ရွက်စို့လေ၊
  ကူညီစိတ် ထားလျက်နေ
  ဘဝတွေ စာနာပေး၊
  ထမ်းရွက်ပါ အများကျိုး
  သယ်ပိုးစို့လေး။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဘုတလင် ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၈၂၀၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၇ ဒသမ ၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နေကြာ ၁၈၂၀၃ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပမှစားအုန်းဆီ တင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့တယ်။ ဆီထွက်သီးနှံနေကြာရဲ့ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်မည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းနှင့်အရည်အသွေး တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲချောင်း ကျေးရွာအုပ်စု စော်ကဲချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ၂၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

စော်ကဲချောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၉၇ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တေဇာလင်း**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရှဉ့်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချအား ကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ငါးရှဉ့်များကို အဝယ်လိုက် နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လရဲ့ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရှဉ့်တွေတင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ပြည်တွင်း ငါးရှဉ့်လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာကြောင့်လို့ သိရပါတယ်။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်မြို့ကိုပဲ အဓိက တင်ပို့ပါတယ်။ ရန်ကုန်ကနေ တစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်ယူအားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိခဲ့ကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသည့် ငါးရှဉ့်များကို ပြည်တွင်း ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများကို ဆက်လက် တင်ပို့ရောင်းချလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းထံမှ သိရသည်။ **ကျော်ကျော်လင်း**

# နိုင်ငံတကာ သတင်းများ

## စွမ်းအင်အခြေခံအဆောက်အအုံများကို ကာကွယ်ရန် ရုရှားသမ္မတပူတင် အက်ဖ်အက်စ်ဘီကို ညွှန်ကြား



**မော်စကို ဖေဖော်ဝါရီ ၂၅**

ရုရှားနိုင်ငံ၏ စွမ်းအင်နှင့်အခြေခံ အဆောက်အအုံများကို ပို၍ဖိဖိစီးစီး ကာကွယ်ရန် ရုရှားသမ္မတပူတင်က ဖက်ဒရယ်လုံခြုံရေးဗျူရို(အက်ဖ်အက်စ်ဘီ)ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ညွှန်ကြားထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူကရိန်းပဋိပက္ခ လေးနှစ်ပြည့်သည့်နေ့တွင် ရုရှားသမ္မတ ပူတင်က အက်ဖ်အက်စ်ဘီကို အဆိုပါအတိုင်း ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံသည် အနောက်အုပ်စု ထောက်လှမ်းရေးအဖွဲ့များ၏ အကူအညီဖြင့် ရုရှား၏စွမ်းအင်နှင့်သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများကို တိုက်ခိုက်နေကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

စစ်မြေပြင်၌ ရုရှားကိုအနိုင်မတိုက်နိုင်သည့် ရန်သူများသည် အဖျက်အမှောင့် လုပ်ရပ်များကို အားကိုးလာကြကြောင်း ရုရှားသမ္မတပူတင်က အက်ဖ်အက်စ်ဘီတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် သုံးသပ်ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် လေးနှစ်ကြာ ယူကရိန်းပဋိပက္ခအတွင်း ရုရှားရေနံသိုလှောင်ကန်များ၊ ရေနံချက်စက်ရုံများ၊ ဆိပ်ကမ်းများကို အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သည်။

ပင်လယ်နက်ဒေသရှိ ရုရှားစွမ်းအင်ပိုက်လိုင်းများသည်လည်း ယူကရိန်း၏ ပစ်မှတ်ဖြစ်လာနိုင်ကြောင်း ရုရှားသမ္မတပူတင်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## နိုင်ငံတကာဘောလုံးပရိသတ်များအတွက် ဘေးကင်းမှုရှိကြောင်း မက္ကဆီကိုသမ္မတ ပြောကြား

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၅**

ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများအားပေးရန် မက္ကဆီကိုသို့ လာရောက်မည့် နိုင်ငံတကာဘောလုံးပရိသတ်များအတွက် ဘေးအန္တရာယ်မရှိကြောင်း မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်းဘောင်းက ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မက္ကဆီကိုတပ်မတော်၏ စစ်ဆင်ရေးတွင် သြဇာအကြီးဆုံး မက္ကဆီကို မူးယစ်ရာဇာများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် နီမီစီယိုအိုဆီဂွာရာ သေဆုံးခဲ့မှုနှင့်အတူ မက္ကဆီကိုနိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် မက္ကဆီကိုသမ္မတက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၂၆ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပြည်ပပရိသတ်များ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ်သည့်အစီအမံများချမှတ်ထားပြီးဖြစ်ကြောင်း မက္ကဆီကိုသမ္မတ ရှိန်းဘောင်းက ထုတ်ဖော်ပြောကြားထားသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အမေရိကန်၊ ကနေဒါနိုင်ငံတို့နှင့် ပူးတွဲလက်ခံကျင်းပခွင့်ရရှိထားသော မက္ကဆီကိုနိုင်ငံသည် မက္ကဆီကိုစီးတီးမြို့၊ မွန်ထရေးမြို့၊ ဂွာဒါလာဂျာရာမြို့တို့၌ကျင်းပရန် စီစဉ်ထားသည်။

ဂွာဒါလာဂျာရာမြို့သည် မူးယစ်ရာဇာ အယ်လ်မင်ချိုအိုစီဂွာရာ၏ ဂျာလစ္စကို နယူးဂျင်နရေးရှင်း မူးယစ်ဂိုဏ်းအခြေစိုက်သည့် ဂျာလစ္စကိုပြည်နယ်၏ မြို့ဖြစ်သည်။

မက္ကဆီကိုတပ်မတော်က ဖေဖော်ဝါရီ ၂၂ ရက်တွင် ဂျာလကစ္စကိုပြည်နယ်၌ ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးတွင် အယ်လ်မင်ချို သေဆုံးခဲ့ပြီးနောက် မူးယစ်ဂိုဏ်းဝင်များက မက္ကဆီကိုနိုင်ငံတစ်ဝန်း လက်တုံ့ပြန်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကွန်ဂရက်လွှတ်တော်၌ နိုင်ငံတော်အခြေပြုမိန့်ခွန်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကွန်ဂရက်လွှတ်တော်၌ နိုင်ငံတော်အခြေပြုမိန့်ခွန်း ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏နိုင်ငံတော်အခြေပြုမိန့်ခွန်း၌ စီးပွားရေးကိစ္စများကို အဓိကထားပြီး ၎င်းအနေဖြင့် စတော့ဈေးကွက်များကြောင့် ငွေကြေးဖောင်းပွမှုနှုန်း စံချိန်တင်နေမှုများကို လျှော့ချနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကရွှေခေတ်ကို စတင်နိုင်ခဲ့မှုကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ယခုအခါ ယခင်ကထက်ပို၍ ချမ်းသာကြွယ်ဝလာပြီး အင်အား တောင့်တင်းလာပြီဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က နိုင်ငံတော်အခြေပြု မိန့်ခွန်းတွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဖေဖော်ဝါရီ ၂၄ ရက် နိုင်ငံတော်အခြေပြု မိန့်ခွန်းမှာ ၁ နာရီ ၄၇ မိနစ်ကြာမြင့်ခဲ့ရာ ကွန်ဂရက်လွှတ်တော် သမိုင်းတစ်လျှောက် အရှည်လျားဆုံး နိုင်ငံတော်အခြေပြု မိန့်ခွန်းဖြစ်ခဲ့သည်။

သမ္မတဒေါ်နယ်ထရမ့်၏ အဆိုပါ နိုင်ငံတော်အခြေပြု မိန့်ခွန်းကို ရီပတ်ဘလီကန် ပါတီဝင်များက အားပေးခဲ့ကြသော်လည်း ဒီမိုကရက်တစ် လွှတ်တော်အမတ်အချို့ကမူ လွှတ်တော်ခန်းမဆောင်ပြင်ပသို့ ထွက်ခွာဆန္ဒပြခဲ့ကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဖေဖော်ဝါရီ ၂၄ ရက် နိုင်ငံတော်အခြေပြု မိန့်ခွန်းတွင် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ အချိန်အနည်းငယ်သာ ပေးခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီ အစ္စရေးနိုင်ငံသို့ နှစ်ရက်ကြာခရီးစဉ် ရောက်ရှိ

**ဒေလီ ဖေဖော်ဝါရီ ၂၅**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီသည် ယနေ့တွင် အစ္စရေးနိုင်ငံသို့နှစ်ရက်ကြာခရီးစဉ်အဖြစ်ရောက်ရှိလာကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခဖြစ်ပွားနိုင်ခြေနှင့်ပတ်သက်၍ အရှေ့အလယ်ပိုင်းဒေသတွင်း နိုင်ငံများကြား စိုးရိမ်နေကြချိန်တွင် အစ္စရေးနိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီ ရောက်ရှိလာခြင်းဖြစ်သည်။



အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီ၏ အဆိုပါခရီးစဉ်သည် အစ္စရေးနှင့် အိန္ဒိယနိုင်ငံတို့ကြား နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းဖွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံ ခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အစ္စရေး နက်ဆက်လွှတ်တော်၌ မိန့်ခွန်းပြောရန်စီစဉ်ထားသည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒြာမိုဒီသည် ၂၀၁၇ ခုနှစ်တွင် အစ္စရေးနိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ဖူးသည်။

အဆိုပါခရီးစဉ်သည် အိန္ဒိယဝန်ကြီးချုပ်တစ်ဦး၏ ပထမဆုံး အစ္စရေးခရီးစဉ် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အိန္ဒိယသမုဒ္ဒရာဒေသ၌ ကွတ်ခ်ကျွန်းစုမှတ်ပုံတင် ရေနံတင်သင်္ဘောတစ်စီးကို အမေရိကန်တပ်မတော် ဖမ်းဆီး

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်အစိုးရ အရေးယူပိတ်ဆို့မှုစာရင်းတွင် ပါဝင်နေသော ရေနံတင်သင်္ဘောတစ်စီးကို အမေရိကန်တပ်မတော်က အိန္ဒိယသမုဒ္ဒရာဒေသ၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖမ်းဆီးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရေနံတင်သင်္ဘောကို ကာရေဘီယံဒေသမှစ၍ ခြေရာခံလိုက်ခဲ့ပြီး အိန္ဒိယသမုဒ္ဒရာဒေသ၌ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန် တပ်မတော်သည် ယခုနှစ် ဇန်နဝါရီလအတွင်း ဗင်နီဇွဲလားသမ္မတ မာဒူရိုကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက်ပိုင်း အိန္ဒိယသမုဒ္ဒရာဒေသ၌ ရေနံတင်သင်္ဘောသုံးစီး ဖမ်းဆီးခဲ့ပြီးဖြစ်သည်။

အမေရိကန် တပ်မတော်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖမ်းဆီးခဲ့သည့် သင်္ဘောမှာ ကွတ်ခ်ကျွန်းစု၌ မှတ်ပုံတင်ထားသည့် သည်ဘာသ သင်္ဘောဖြစ်ကြောင်း သိရသည်။

သည်ဘာသ ရေနံတင်သင်္ဘောကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကပင် အရေးယူပိတ်ဆို့ထားခြင်းဖြစ်သည်။

သည်ဘာသ ရေနံတင်သင်္ဘောသည် အမေရိကန်အစိုးရ၏ ရေကြောင်းပိတ်ဆို့မှုကို ချိုးဖောက်၍ ကာရေဘီယံဒေသမှ ထွက်ခွာသွားသည့် သင်္ဘောဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စကြဝဠာစတင်ဖြစ်ပေါ်ခဲ့ပြီး မကြာမီအတွင်းပေါ်ထွက်လာသည့် အာကာသတွင်းနက်တစ်ခု၏ အရွယ်အစားကြီးထွားနှုန်းမှာ စကြဝဠာမြန်နှုန်းကန့်သတ်ချက်ထက် ၁၃ ဆ ပိုမြန်



တိုကျို ဖေဖော်ဝါရီ ၂၅

စကြဝဠာ စတင်ဖြစ်ပေါ်ခဲ့ပြီး မကြာမီအတွင်း ပေါ်ထွက်လာသည့် အာကာသတွင်းနက်တစ်ခု၏ အရွယ်အစားကြီးထွားနှုန်းမှာ စကြဝဠာမြန်နှုန်းကန့်သတ်ချက်ထက် ၁၃ ဆ ပိုမြန်ကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ID 830 ဟူ၍ အမည်ပေးထားသော အဆိုပါအာကာသတွင်းနက်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၂ ဘီလီယံခန့်တွင် ပေါ်ထွက်လာသည့် အာကာသတွင်းနက်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသတွင်းနက်၏ဒြပ်ထုမှာ နေအစင်းပေါင်း သန်း ၄၄၀ တို့၏ဒြပ်ထုနှင့် ညီမျှသည်ဟု ဂျပန်နိုင်ငံ တိုဟိုကုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အထက်ပါ အရွယ်အစားအရ ID 830 အာကာသတွင်းနက်၏ ကြီးထွားနှုန်းမှာ စကြဝဠာမြန်နှုန်းကန့်သတ်ချက်ထက် ၁၃ ဆ ပိုမြန်နေသည့် သဘောဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဒြပ်ထုများကို ဝါးမျိုချိန်တွင် ပေါ်ထွက်လာသောဆန့်ကျင်ဘက်အင်အားတစ်မျိုးသည် အာကာသတွင်းနက်များ၏ ဒြပ်ထုများ ထပ်မံဝါးမျိုနိုင်စွမ်းကို တားဆီးပေးတတ်ရာ သီအိုရီသဘောအရ အာကာသတွင်းနက်များ ကြီးထွားမှုမြန်နှုန်းမှာ အကန့်အသတ်ရှိကြောင်း ဂျပန် သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ID 830 အာကာသတွင်းနက်၏ အရွယ်အစားကြီးထွားနှုန်းမှာ အထက်ဖော်ပြပါ သီအိုရီအကန့်အသတ်ကို ကျော်လွန်နေကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO

## ဒရာဂွန်အာကာသကုန်တင်ယာဉ် ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်မည်ဖြစ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၅

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီ၏ ဒရာဂွန် အာကာသ ကုန်တင်ယာဉ်သည် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ခွာထွက်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။



ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းမှာပင် ကယ်လီဖိုးနီးယားပြည်နယ်ကမ်းလွန်ရေပြင်အတွင်း ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းမှခွာထွက်မှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဖေဖော်ဝါရီ ၂၆ ရက်တွင် တိုက်ရိုက်ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေအပြန်ခရီးစဉ်တွင် ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းမှ သိပ္ပံပညာစမ်းသပ်ပစ္စည်းနမူနာများ ပြန်လည်သယ်ယူလာမည်ဖြစ်ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်ကို ၂၀၂၅ ခုနှစ်က လွှတ်တင်ခဲ့ပြီး နိုင်ငံတကာအာကာသစခန်း၌ ဆိုက်ကပ်ထားစဉ်အတွင်း အဆိုပါ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း ပတ်လမ်းအမြင့်ကို ခြောက်ကြိမ်တိုင် မြှင့်တင်ပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကျောရိုးရှိ သက်ရှိအားလုံး၏ ရှေးအကျဆုံးဘိုးဘေးသက်ရှိများက မျက်လုံးလေးလုံးထိ ပိုင်ဆိုင်ခဲ့ကြောင်း တရုတ်သိပ္ပံပညာရှင်များ ပြောကြား

ပေကျင်း ဖေဖော်ဝါရီ ၂၅

ကျောရိုးရှိ သက်ရှိအားလုံး၏ ရှေးအကျဆုံး ဘိုးဘေးသက်ရှိများသည် မျက်လုံးလေးလုံးထိ ပိုင်ဆိုင်ခဲ့ကြောင်း တရုတ်သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံတောင်ပိုင်း၌ တူးဖော်တွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ ရှေးအကျဆုံးကျောရိုးရှိ ငါးသတ္တဝါတစ်မျိုးမှာ မျက်လုံးလေးလုံးထိ ပိုင်ဆိုင်ထားကြောင်း သိရသည်။

Myllokunmingids ဟူ၍ အမည်ပေးထားသော အဆိုပါ ငါးသတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းမှာနှစ်ပေါင်း ၅၁၈ သန်းထိရှိကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Myllokunmingids ငါးများသည် ခေါင်းတစ်ဖက်တစ်ချက်တွင် မျက်လုံးတစ်လုံးစီ၊ ဦးခေါင်းအလယ်တည့်တည့်တွင်အရွယ်အစားပိုသေးငယ်သည့် မျက်လုံးနှစ်လုံးပိုင်ဆိုင်ထားကြောင်း သိရသည်။

Myllokunmingids များသည် လွန်ခဲ့သောနှစ်ပေါင်း ၅၄၁ သန်းနှင့် ၄၈၅ သန်းကြားကာလ ကမ်ဘရီယန်ဘူမိခေတ်အတွင်း ရှင်သန်ခဲ့သည့် သက်ရှိများဖြစ်ကြောင်း သိရသည်။

ကမ်ဘရီယန်ဘူမိခေတ်တွင် သမုဒ္ဒရာများ၌ အရွယ်အစားကြီးမားသော အသားစားသတ္တဝါများ စတင် ပေါ်ထွက်လာချိန်ဖြစ်ရာ အရွယ်အစားသေးငယ်သော Myllokunmingids များမှာ သဘာဝအားသာချက်အဖြစ် မျက်လုံးလေးလုံးပိုင်ဆိုင်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ရုပ်ပိုင်းဆိုင်ရာအရ ကြံ့ခိုင်သန်စွမ်းသူများ၌ စိတ်မထိန်းနိုင်မှုပြဿနာ ပေါ်ထွက်နိုင်ခြေနည်းပါး

ဘရာဇီးလီးယား ဖေဖော်ဝါရီ ၂၅

ရုပ်ပိုင်းဆိုင်ရာအရကြံ့ခိုင်သန်စွမ်းသူများ၌ စိတ်မထိန်းနိုင်မှုပြဿနာ ပေါ်ထွက်လာနိုင်ခြေနည်းပါးသွားတတ်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ဘရာဇီးသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နှလုံးသွေးလည်ပတ်မှုစနစ် ပုံမှန်ထက် အားကောင်းမှုသည် စိုးရိမ်သောကဝင်ရောက်နိုင်ခြေနှင့် စိတ်မထိန်းနိုင်မှုပြဿနာ ပေါ်လာနိုင်ခြေ ကျဆင်းမှုတို့နှင့် ဆက်စပ်နေကြောင်း သိရသည်။

Some EAO groups that have signed the Nationwide Ceasefire Agreement (NCA) and some that have not signed it have, due to disruptions in the political process, accepted and sheltered youths and young people fleeing to border areas, as well as some Civil Disobedience Movement (CDM) civil servants, under the pretext of humanitarian assistance. With financial support from certain major foreign countries, they have allegedly provided terrorist training, equipped them with weapons, and incited them to carry out terrorist acts. Due to instigation and agitation by domestic and foreign organizations that do not desire stability and peace, as well as by destructive media outlets, various terrorist groups have emerged in different regions under different names, including the PDF terrorist group acting as a proxy of the unlawful organizations CRPH and NUG. The violent activities of the PDF terrorist group and certain EAO groups have undermined peace and stability, the rule of law, and regional development in ethnic areas. Some ethnic armed organizations have also sought to exploit the situation to expand their territorial control. Accordingly, Tatmadaw, in cooperation with members of the Myanmar Police Force and peace-loving members of the public, has been combating and suppressing these groups in accordance with the law, with strong fighting spirit and determination, achieving significant successes. Such successes are attributed to the capabilities of individual officers, soldiers, and wives of Tatmadaw members. These individual capabilities have been developed through training provided by major training schools, and instructors are therefore required to continue delivering more systematic and effective training to trainees in the future.

Regarding the political process, the NLD government committed electoral fraud in the 2020 multiparty democratic general election in an attempt to unlawfully seize State power. Consequently, Tatmadaw temporarily assumed State responsibilities in accordance with the Constitution (2008) in the interest of the nation. It is further stated that from the time it began undertaking State duties, the government set objectives and carried out its responsibilities, and that upon completion of the electoral processes, a general election will be held and State power will be handed over to the party that wins the election.

When Tatmadaw began assuming State responsibilities, political disagreements led to unrest and protests, followed later by acts of violence. This period coincided with the severe COVID-19 pandemic, and Tatmadaw also faced the challenges of some disloyal civil servants abandoning their duties. Similarly, in 2023, Rakhine State was affected by Cyclone Mocha, and in 2024, central Myanmar experienced the unprecedented flooding caused by Typhoon Yagi over the past 100 years, as well as other natural disasters, including the major Mandalay earthquake on 28 March 2025. Despite these challenges, Tatmadaw successfully overcame the difficulties. Acts of violence were also addressed and controlled in accordance with the law, leading to a gradual reduction in such incidents. To ensure that elections could be held, the authorities were able to accurately compile voter lists based on the 2024 population and household census. The Head of State also facilitated the participation of political parties in the election process.

The State Government held the multiparty democratic general election, which reflects the will of the people, was held starting on 28 December 2025. The election was successfully conducted in three phases across 263 townships. Voters actively cast their ballots using the Myanmar Electronic Voting Machine (MEVM) system. The election was carried out transparently and openly under the observation of representatives from partner countries, regional countries, and both domestic and foreign media. Out of over 24 million eligible voters nationwide, more than 13.14 million cast their votes, resulting in a voter turnout of 54.22 per cent. The election was successfully conducted as a free, fair, and honorable process, without electoral fraud or errors in the voter lists.

Since the election was successfully conducted, preparations are underway to convene the Hluttaw session in the upcoming March. The State Government, in coordination with the regions and states, is carrying out advance preparations to ensure this. In early April, the President will be elected, and a new government will be formed, after which the responsibilities of the State will be formally handed over.

Tatmadaw must fulfill the State's security and defense responsibilities regardless of changes in political governments. As the institution responsible for national defence, Tatmadaw must continue to develop its capabilities and strength. Commanders are working diligently to ensure Tatmadaw remains capable and strong, providing necessary support and resources. Instructors, in turn, are expected to train Tatmadaw members so that they can fully apply the military skills they have mastered and become healthy, resilient, and competent soldiers. Training should be conducted precisely according to the motto "Study, Practise, Comply," ensuring that troops are capable and ready.

Bahtoo garrison town, in addition to hosting major training schools, also has light infantry regiments and support battalions. It is necessary to successfully implement four major garrison construction projects for the units and their families, alongside regular operational activities. On the training side, both instructors and trainees provide practical training while also preparing officers, soldiers, and their families within the garrison to develop combat readiness, military skills, and discipline.

Regarding administration, effective management is essential for the success of military operations, security, and training. Tatmadaw office functions are maintained efficiently through general staff, adjutant and quartermaster measures. Following military regulations, orders, and directives ensures these administrative sections operate in sync.

*See Page 15*

# Graduation Dinner of 129th Intake, Thiha Company, of Defence Services (Army) Officers Training School (Bahtoo), held


Vice-Senior General Soe Win enjoys performances at the graduation dinner.

**Nay Pyi Taw February 25**

The Graduation Dinner of the 129th Intake, Thiha Company, of Defence Services (Army) Officers Training School was held at the military appointment hall of the Defence Services (Army) Officers Training School (Bahtoo) this evening and the dinner was graced on behalf of the Chairman of the State Security and Peace Commission Commander-in-Chief of Defence Services by Vice Chairman of the State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win.

Also present together with the Vice-Senior General were Daw Than Than Nwe, the wife of the Vice-Senior General, Chief Minister of Shan State U Aung Aung, senior military officers from the Office of the Commander-in-Chief and their wives, the commander of Eastern Command and wife, senior military officers from Bahtoo stations and their wives, parents and relatives of graduate cadets, instructors and teachers from the Defence Service (Army) Officers Training School (Bahtoo) and invited guests.

First, the Vice-Senior General and party cordially greeted the graduate officers. Then, the Vice-Senior General and party enjoyed dinner together with them.

After the dinner, the Vice-Senior General and party enjoyed the performance of the military band of the training school and presented cash rewards for members of it.

Then, the Vice-Senior General and party, together with the graduate officers, enjoyed the performance of the mobile public relations troupe under the Directorate of Public Relations and Psychological Warfare at the Thabin Hall of the training school. 100

# Thanlwin Bridge (Hpasawng) in Kayah State, a bridge crossing Thanlwin River connecting Hpasawng Township to Mese Township, secondarily destroyed by mine planting by KNPP, KNDF groups and PDF designated terrorists

**Nay Pyi Taw February 25**

KNPP, KNDF groups and PDF designated terrorists have been wickedly and illegally committing acts of planting mines and destroying roads and bridges used by the public, aiming to disrupt the country's peace and stability and hinder regional goods transportation. It is reported that this morning, the terrorists wickedlly planted mines and destroyed the Thanlwin Bridge (Hpasawng), a bridge crossing the Thanlwin River near Hpasawng Town, for the second time.

Tatmadaw columns had permanently recaptured Hpasawng Town, which was temporarily controlled by KNPP, KNDF groups and PDF designated terrorists, on February 15 and have been continuing necessary area security operations around that region. It has already been reported that on February 17, the terrorists, without reasonable justification, planted mines and destroyed the Thanlwin Bridge (Hpasawng) near Hpasawng Town, which is relied upon by local residents, and on February 20, destroyed the Pun Chaung Bridge, in order to prevent Tatmadaw columns from closely pursuing and eliminating them.

Today, February 25, 2026, at approximately 10:00 AM, KNPP, KNDF groups and PDF designated terrorists again planted mines and destroyed the Thanlwin Bridge (Hpasawng) for the second time. This bridge connects Hpasawng Township to Mese Township in Kayah State and is critically important for public transportation and goods flow. Due to the mine explosion, a section approximately 300 feet long and 24 feet wide between piers P-5 and P-7, which are the west bank piers of the bridge, collapsed. There are no reports of casualties.

The Thanlwin Bridge (Hpasawng) is a bridge crossing the Thanlwin River near Hpasawng Town. It is a reinforced concrete bridge with a total length of 1,260 feet, a width of 24 feet, and 3-foot walkways on each side. It is known that the bridge was completed and opened for use in 2015.



Scenes of damage to the Thanlwin Bridge (Hpasawng) after it was mined and blown up by KNPP, KNDF groups and terrorist insurgents under the name PDF.

Due to the reckless, imprudent, and destructive acts of the terrorists, vehicles and travelers can no longer cross, and the flow of goods has come to a halt. By wickedly destroying the Thanlwin Bridge (Hpasawng), which is not a military target but a main public artery relied upon for transportation and goods flow—doing so under the pretext of regional development but in reality solely for their own interests—the terrorists have caused significant hardship and loss to the socio-economic lives of local residents.

Local residents within Kayah State, as well as people across the country, are expressing disgust, hatred, and are collectively protesting and condemning this terrorist act of planting mines and destroying the Thanlwin Bridge (Hpasawng) by the KNPP, KNDF groups and PDF designated terrorists. It has been reported that officials and staff from the relevant Road/Bridge Department will repair the damaged bridge as soon as possible, and security personnel are increasing security operations for regional peace and stability. 100

# Narcotic drugs, paraphernalia used in drug production seized near Wanlone Village, Mong Hsat Township, Shan State (East)



View of narcotics and related materials used in drug manufacturing near Wanlone village, Mong Hsat Township, Shan State (East).

**Nay Pyi Taw February 25**

The government and the Tatmadaw have been carrying out prevention and combats against narcotic drugs by designating it as a national responsibility in cooperation with relevant organizations in the entire country concertedly and consistently and drugs and paraphernalia used in drug production were seized near Mong Khote town, Mong Hsat District in Shan State (East) in the afternoon of 24 February.

Following the tip that narcotic drugs were being produced about 30 kilometer northwest of Tachilek in Shan State (East), a combined teams including members of security forces conducted an area clearance operation and seized drug precursor materials and paraphernalia including two boxes of Promethazine-brand anti-cough syrup each of which held 50 containers, 18 large containers of Food Colour-brand blue chemicals and 41 small containers of them, 500 bottles of liquid chemicals still under identifying, 15 boxes of Monkey Head-brand scent syrup, each of which held about 20 containers, six polypropylene half-bags of white powder under identifying, three packages of raw opium, one heroin block, a package of black material still under identifying, nine packages, each of which held one kilograms of white crystals, 6,000 WY tablets enclosed with yellow tapes in 12 bunches, 10,000 WY tablets enclosed with 999-brand yellow tapes in 10 bunches, 12 polypropylene half-bags of unpacked WY tablets, 12 half-bags of chemical powder assumed to be used in WY production, two boxes of moulds, 14 blue containers containing related items, three kilo balances, one large generator, three small mixers and 32 drying trays of various sizes about eight kilometer south of Wanlone village, about 19 kilometers southeast of Mong Khote in Mong Hsat township at about 2 pm on 24 February.

Plans are underway to launch detailed investigations into the seized paraphernalia by combined teams comprising experts, to hand over to relevant departments in accordance with rules and regulations and systematically destroy them by incineration and those who were involved will be identified and effective action will be taken against them.

Myanmar has accelerated its drug elimination tasks in cooperation with neighbouring countries including the United Nations, member countries of the ASEAN, Greater Mekong Sub-region countries, BIMSTEC countries and international drug elimination organizations. Moreover, Myanmar has been carrying out drug elimination tasks including destroying opium plantations, identifying and carrying out raids against sites that can produce narcotic drugs and awareness raising campaigns for student youths in cooperation with local residents and plans are underway to take effective action against organizations that are mainly involved in production of the seized drugs.

100

*From Page 13*

Routine tasks should be performed diligently by responsible personnel, as efficient administration directly enables officers, soldiers, and their families to enjoy comfort and well-being.

For the upcoming Grade-12 examinations to be held in March, those responsible have to provide necessary support and resources to help students from the garrison areas achieve outstanding success. Parents are also urged to ensure their children receive proper education and, together with the relevant authorities, to carefully monitor and guide them through each stage of their studies until they complete their education.

The Vice-Senior General heard reports of officers, other ranks and families and coordinated with officials to fulfill their needs.

After the meeting, the Vice-Senior General presented foodstuffs provided by the Commander-in-Chief of Defence Services and eggs by the military command headquarters for officers, other ranks and families through the station commander. Meanwhile, the wife of the Vice-Senior General gave cash assistance for the station maternal and child welfare association to officials.

The Vice-Senior General and party cordially greeted officers, other ranks and families who attended the meeting.

In the afternoon, the Vice-Senior General proceeded to the integrated farm (Bahtoosan) of the Tatmadaw (Army) Combat Forces Training School. The Vice-Senior General and party inspected raising of Novogen Brown layers, breeding of dairy cows and pits, cultivation of seasonal crops, and growing eight acres of sunflower, eight acres of soyabean and one acre of potato on new reclaimed farmlands. The commandant of the school and officials conducted the Vice-Senior General and party round the farm. After asking about things he wanted to know, the Vice-Senior General coordinated necessary measures with officials.

100

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

☆ ကျောဖုံးမှအဆက်

တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘများနှင့် ဆွေမျိုးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများကို လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီမဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၉ ဗိုလ်လောင်း ရဲထွဋ်အောင်အား ငွေဓားဆုချီးမြှင့်ပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် **“တပ်မတော်(ကြည်း)တွင် အရည်အချင်းပြည့်ဝသော အရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုကို ပိုင်နိုင်စွာကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်စေရန်”**ဆိုသည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၏ ရည်ရွယ်ချက်နှင့်အညီ စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် လေ့ကျင့်သင်ယူတတ်မြောက်ခဲ့ပြီးဖြစ်၍ စစ်မြေပြင်နှင့် လက်တွေ့နယ်ပယ်များတွင် တာဝန်ထမ်းဆောင်ကြမည့်သူများကို သိသင့်သိထိုက်သည့် မှာကြားစရာရှိသည်များကို အလေးအနက်ထားမှာကြားသွားမည်ဖြစ်ကြောင်း။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)မှ တစ်ဆင့် ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)၊ ဗမာ့အမျိုးသားတပ်မတော်(BNA)၊ မျိုးချစ်ဗမာ့တပ်မတော်(PBF)နှင့် ဗမာ့တပ်မတော်(Burma Army)အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး မြန်မာ့လွတ်လပ်ရေးကို ပြည်သူ့ရှေ့က ဦးဆောင်မှုပြုကာ ရယူကာကွယ် ထိန်းသိမ်းလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင်လည်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု စနစ်ဆိုးများနှင့် သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံအတွင်း ဝါဒစွဲကြီးမားမှုများကို



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီ မဟာသရေစည်သူစိုးဝင်း ဗိုလ်လောင်းတပ်ခွဲများကို လိုက်လံစစ်ဆေးစဉ်။

**မကြာမီ တပ်ရင်း၊တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်သူများအနေဖြင့် မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ဖွဲ့ဝင်များအပေါ် မှန်ကန်သည့်ခေါင်းဆောင်မှုနှင့် ဦးဆောင်လမ်းပြနိုင်ရန် လိုအပ်သကဲ့သို့ စွမ်းရည်သုံးရပ်နှင့်ပြည့်စုံအောင်လည်း တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ် . . .**

**ခေါင်းဆောင်မှုဆိုသည်မှာ အလိုလိုတတ်မြောက်စေသည့် ပညာရပ်မဟုတ်ဘဲ ကိုယ်တိုင်လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်မှုမှကြုံတွေ့ရသည့် အတွေ့အကြုံများကသာ ခေါင်းဆောင်မှုပညာကို တတ်မြောက်ကြခြင်းဖြစ် . . .**

အခြေခံပြီး ဂိုဏ်းဂဏကွဲပြားမှုများက တစ်ဆင့် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ကြုံတွေ့လာခဲ့ရသည့်အတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရမည့် တပ်မတော်အနေဖြင့် ဒွိတာဝန်အရေးသုံးပါးကို စောင့်ထိန်းပြီး ပြည်သူများနှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနေရခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြေရှင်းမှုကာလသမိုင်းစဉ်များတွင် တပ်မတော်၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုများနှင့် ယနေ့မျက်မှောက်ကာလ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ဦးဆောင်ပါဝင်ဆောင်ရွက်နေမှုများကို ကြည့်မည်ဆိုပါက တပ်မတော်သည် မျိုးချစ်စိတ်ကိုအခြေခံပြီး သန္ဓေတည်ပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

**မကြာမီ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်သူများအနေဖြင့် မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့်တပ်ဖွဲ့ဝင်များအပေါ် မှန်ကန်သည့် ခေါင်းဆောင်မှုနှင့် ဦးဆောင်လမ်းပြနိုင်ရန်လိုအပ်သကဲ့သို့ စွမ်းရည်သုံးရပ်နှင့်ပြည့်စုံအောင်လည်း တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုဆိုသည်မှာ အလိုလိုတတ်မြောက်စေသည့် ပညာရပ်မဟုတ်ဘဲ ကိုယ်တိုင်လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်မှုမှကြုံတွေ့ရသည့်အတွေ့အကြုံများကသာ ခေါင်းဆောင်မှုပညာကို တတ်မြောက်ကြခြင်းဖြစ်ကြောင်း၊** **မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် မျှတသည့်စိတ်ထား၊ မှန်ကန်သည့် သဘောထားနှင့် လက်အောက်ငယ်သားများအပေါ် ကျောသား၊ ရင်သားမခွဲခြားဘဲ တော်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ်ရန်နှင့် ကိုယ်ကျင့်တရား မြင့်မားရိုးသားစွာ နေထိုင်သွားကြရန် လိုအပ်ကြောင်း။**

သင်တန်းကာလ တစ်လျှောက်လုံးတွင် စစ်မှုအတတ်ပညာရပ်များနှင့် စစ်ဘက်ခေါင်းဆောင်မှုပညာရပ်များကို လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည့်အတွက် တပ်မတော်တွင်ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်အတိုင်း လက်တွေ့လုပ်ငန်းခွင်တွင် မိမိကွပ်ကဲရသည့် လက်အောက်ငယ်သားများအပေါ် မိဘသဖွယ် စိတ်ဓာတ်၊ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်များနှင့် ကွပ်ကဲကြပ်မတ်ရမည်ဖြစ်သကဲ့သို့ ကိုယ်တိုင်ကလည်း စိတ်ဓာတ်၊ စည်းကမ်းအရာ၌ စံနမူနာပြဖြစ်ပြီး မိမိအဖွဲ့အစည်းက အားကိုးအားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အဖွဲ့အစည်းတစ်ခု၏ အောင်မြင်တိုးတက်မှု၊ ဆုတ်ယုတ်ကျဆင်းမှုသည် အဆိုပါအဖွဲ့အစည်းကို ဦးဆောင်သည့် ခေါင်းဆောင်တစ်ဦးအပါအဝင် ကွပ်ကဲမှုအောက်ဖွဲ့စည်းထားသည့် အရာရှိ၊ စစ်သည်များအားလုံး၏ သင်ကြားပြီးသား စစ်မှုအတတ်ပညာကို တိုက်ပွဲစွမ်းအားများနှင့် စနစ်တကျပေါင်းစပ်အသုံးချတတ်မှု၊ ကြိုးစားအားထုတ်မှုနှင့် စစ်စည်းကမ်းလိုက်နာမှုတို့အပေါ်တွင် များစွာအခြေတည်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း စတင်ပေါက်ဖွားခဲ့သည့်အချိန်ကစ၍ ယနေ့အချိန်ထိ ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခြင်းသည် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့်တပ်မတော်သားများ၏ စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုများကြောင့်ပင်ဖြစ်သည့်အတွက် စည်းကမ်းနှင့် ပတ်သက်လာပါက အသေးအဖွဲ့ကအစ တိတိကျကျ စောင့်ထိန်းလိုက်နာကြရန်လိုအပ်ကြောင်း၊ စည်းကမ်းသည် လုပ်သင့်လုပ်ထိုက်သည်များကိုလုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မလုပ်သင့်၊ မလုပ်ထိုက်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်၏ စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ သည် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်ရန်တိုက်တွန်းထားသည့်စည်းကမ်းချက်များဖြစ်သည့်အတွက် လိုက်နာရန်လိုအပ်သကဲ့သို့ တပ်မတော်အက်ဥပဒေပါ ပြစ်မှု ၄၁ မျိုးမှာ မလုပ်ဆောင်သင့်၊ မလုပ်ဆောင်ထိုက်သည်များကို တားမြစ်ထားသည့် စည်းကမ်းချက်များဖြစ်သည့်အတွက် ရှောင်ကြဉ်ကြရန်လိုအပ်ကြောင်း၊ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်နှင့် အမိန့်များကို လိုက်နာမှုအားနည်းလျှင်ဖြစ်စေ၊ မလိုက်နာနိုင်လျှင်ဖြစ်စေ အဆိုပါတပ်သည် အောင်မြင်မှုနှင့် တဖြည်းဖြည်းဝေးကွာပြီး အရှုံးများနှင့်သာ ကြုံတွေ့ရမည်ဖြစ်ကြောင်း။

တပ်မတော်သားများသည် မိမိနိုင်ငံကို ကာကွယ်လိုသည့်စိတ်နှင့် တပ်မတော်သို့ မိမိတို့၏သဘောဆန္ဒအလျောက် ဝင်ရောက်တာဝန်ထမ်းဆောင်ကြသည့် နိုင်ငံသားများဖြစ်သည့်အတွက် ပြဋ္ဌာန်းထားသော စစ်ဘက်ဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းဥပဒေများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ နိုင်ငံသားတစ်ဦးအနေဖြင့်လည်း နိုင်ငံတော်က ချမှတ်ထားသည့် တည်ဆဲဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လိုက်နာကြရသူများဖြစ်ကြောင်း၊ ထို့ပြင် **တပ်မတော်သည် စည်းကမ်းကို အဓိကမဏ္ဍိုင်ပြုပြီး တည်ဆောက်ထားခြင်းကြောင့် စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး လက်အောက်ငယ်သားများကိုပါ စည်းကမ်းလိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် အလေးအနက်ထားမှာကြားလို**ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရမည့်သူများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာ ကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သား တစ်ယောက်ဖြစ်သည်နှင့်အညီ ပေးအပ်လာသည့်တာဝန်များကို အချိန်မရွေး၊ နေရာမရွေးထမ်းဆောင်နိုင်ရမည်ဖြစ်၍ ကျန်းမာကြံ့ခိုင်မှုရှိအောင် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးအတွက်လေ့ကျင့်ရေးကသာ တည်ဆောက်ပေးနိုင်ခြင်းဖြစ်၍ မိမိကွပ်ကဲအုပ်ချုပ်ရသည့် စစ်သည်များကို စွမ်းဆောင်ရည်မြင့်မားအောင် စနစ်တကျတိုက်ပွဲကာလပြင်ပ ရသည့်အချိန်တိုင်းတွင် စစ်ပညာရပ်များကို အကြိမ်ကြိမ်အဖန်ဖန် လေ့ကျင့်ပေးနေရန် အထူးပင်လိုအပ်ကြောင်း၊ သို့မှသာ သင်ယူတတ်မြောက်ထားသည့် စစ်အတတ်ပညာရပ်များကို ကျွမ်းကျွမ်းကျင်ကျင် အသုံးချနိုင်မည်ဖြစ်သည့်အပြင် တိုက်ပွဲတိုင်းကို အောင်မြင်မှုရရှိရမည်ဆို

သည့် ယုံကြည်ချက်သည်လည်း အရာရှိ၊ စစ်သည်များ၏ ရင်ထဲ၊ အသည်းထဲတွင်စွဲမြဲယုံကြည်နေမည်ပင်ဖြစ်ကြောင်း။

ထို့ပြင် ကျန်းမာရေးနှင့်ဘဝကို ထိခိုက်စေနိုင်သည့် အရက်၊ ကွမ်းယာ၊ ဆေးလိပ်နှင့် လောင်းကစားမှုများကို ရှောင်ကြဉ်ကြရမည်ဖြစ်ပြီး မိမိကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကို အသိစိတ်နှင့် ထိန်းသိမ်းရှောင်ကြဉ်ကြရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိဝင်ငွေနှင့် ထွက်ငွေကို မျှတအောင်သုံးစွဲတတ်ရမည်ဖြစ်ကြောင်း၊ အသောက်အစား၊ အပျော်အပါးကင်းသည့် တပ်မတော်သားဘဝကို တည်ဆောက်ရမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်မှုရှိအောင် ကျင့်ကြံနေထိုင်သွားကြရန် လိုကြောင်း။

စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိစေရန်အတွက် သုတ၊ ရသစာပေများအပြင် မျက်မှောက်ခေတ် စစ်ပညာရပ်များနှင့်ဆိုင်သည့် ဂျာနယ်များ၊ စာအုပ်စာပေများကို ရှာဖွေဖတ်ရှုရန် လိုအပ်မည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် အတွေးအခေါ်နှင့် အယူအဆများကို မြင့်မားစေသည့်အပြင် ကိုယ်ကျင့်တရားနှင့် အသိပညာကောင်းများကို ရရှိစေနိုင်မည်ဖြစ်သည့်အတွက် အလေးထားလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်တစ်ရပ်အရည်အချင်းပြည့်ဝရန်အတွက် လေ့ကျင့်ရေးသည် အသက်သွေးကြောပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်ငယ်များကျွမ်းကျင်တတ်မြောက်အပ်သည့် စစ်ဘက်ခေါင်းဆောင်မှုပညာ၊ စစ်နည်းဗျူဟာနှင့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ကိုင်တွယ်အသုံးပြုသည့် စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန်လိုကြောင်း၊ တစ်ဦးချင်းစီ၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် စစ်ရေးအသိ၊ စစ်ရေးသတိ၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ ရှိရန်လိုအပ်ပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် ပတ်သက်လာပါက ဖြစ်ပေါ်လာနိုင်သည်များကို အဆင့်နှင့်လျော်ညီစွာ ကြိုတင်မြော်တွေးပြင်ဆင်လေ့ကျင့် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ် စစ်လက်နက်နည်းပညာများ၊ စစ်နည်းဗျူဟာများသည် တိုးတက်ပြောင်းလဲလျက်ရှိပြီး ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ **"ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်"**ဆိုသည့် တပ်မတော်၏ လေ့ကျင့်ရေးမူဝါဒများနှင့်အညီ စိတ်ပိုင်းသာမက၊ ရုပ်ပိုင်းပါအစဉ်ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ်လေ့ကျင့်နေကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ ကျန်းမာကြံ့ခိုင်ပြီး သင်ယူထားသည့် စစ်ပညာရပ်များကို ကျွမ်းကျင်စွာအသုံးချနိုင်သည့် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောစစ်သည်တော်ကောင်းများဖြစ်လာကြမည် ဖြစ်ကြောင်း။

သင်ကြားလေ့ကျင့်ပေးလိုက်သည့်ပညာရပ်များသည် အခြေခံသဘောမျှသာဖြစ်သည့်အတွက် လက်တွေ့အသုံးချသည့်အခါ ခေါင်းဆောင်ငယ်များပီပီ ထိုးထွင်းကြံဆတီထွင်လုပ်ကိုင် ဆောင်ရွက်တတ်မှုနှင့် သင်ကြားလေ့ကျင့်ခဲ့သည့် ပညာရပ်များကို



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၉ ဗိုလ်လောင်း ရဲထွဋ်အောင်ကို ငွေဓားဆု ချီးမြှင့်ပေးအပ်စဉ်။

ပေါင်းစပ်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ကြမည့် တပ်မတော်သားများအနေဖြင့်ကာကွယ်ရေးစွမ်းရည်ပြည့်ဝစေရန် **"အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်"**ဆိုသည့် မြဲသုံးမြဲနှင့်ပြည့်စုံအောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်ကို စွမ်းအားပြည့် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အခြားနိုင်ငံများနည်းတူ မိမိတို့တပ်မတော်ကိုလည်း တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝသည့် ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ကြိုးစားတည်ဆောက်နေသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊တိုက်စွမ်းရည်ဆိုသည်မှာ စစ်သည်တစ်ဦးချင်းစီ၏ အရည်အသွေး၊အရည်အချင်းများပင်ဖြစ်ပြီး အဆိုပါအရည်အသွေး၊ အရည်အချင်းမြင့်မားရန်အတွက် အမြဲလေ့ကျင့်နေရမည်ဖြစ်သကဲ့သို့ တိုက်စွမ်းအားဆိုသည်မှာ စစ်လက်နက်စွမ်းပကား၊ ယာဉ်ယန္တရားများနှင့် ခေတ်မီစစ်ဝတ်တန်ဆာများကို စွမ်းအားပြည့်အသုံးချနိုင်မှုပင်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်မြင့်တက်စေရန်အတွက် နည်းပညာဖွံ့ဖြိုးမှုနှင့်အညီ ပေါ်ပေါက်လာသည့် စစ်လက်နက်ပစ္စည်းများကို အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

တပ်မတော်တစ်ရပ် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားနိမ့်ကျသွားသည်နှင့်အမျှ အခြားနိုင်ငံများ၏ ထိပါးစော်ကားခြင်း၊ ဗိုလ်ကျစိုးမိုးခြင်းနှင့် ခြိမ်းခြောက်ခြင်းများကိုခံရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝအောင် လေ့ကျင့်ရေးကဏ္ဍများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန် နည်းစနစ်တကျမခိုမကပ်ဘဲ ရရှိသည့်အချိန်တိုင်းတွင် အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တပ်မတော်အနေဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်ထိ ပြည်ပကျူးကျော်မှုအန္တရာယ်၊ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်း၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်၊၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်း၊ ၂၀၂၁ ခုနှစ် နိုင်ငံတော်အာဏာကိုမလွှဲမရှောင်သာ ခေတ္တထိန်းသိမ်းရသည့်အချိန်အတွင်း ဆူပူအကြမ်းဖက်မှုနှင့် စစ်ရေးခြိမ်းခြောက်မှုများ၊ ကိုဗစ်အန္တရာယ်ဆိုး၊ ၂၀၂၃ ခုနှစ် အဖျက်စွမ်းအားကြီးမားသည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်တွင် နှစ်ပေါင်း ၁၀၀ အတွင်းတစ်ကြိမ်သာဖြစ်ပေါ်ဖူးတဲ့ ရာဂိမုန်တိုင်း၏နောက်ဆက်တွဲ ရေကြီးရေလျှံမှု၊ ၂၀၂၅ ခုနှစ်တွင်ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိသည့် မန္တလေး၊စစ်ကိုင်းငလျင်ဘေးဆိုးကြီးစသည့် နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားလှသည့်အရေးကိစ္စတို့နှင့် ကြုံတွေ့ခဲ့ချိန်တိုင်းတွင် နိုင်ငံတော်နှင့် ပြည်သူ၏အကျိုးစီးပွားအတွက် ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ထက်သန်စွာဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များနှင့် သဘာဝဘေးဒဏ်ခံစားနေကြရသည့် ပြည်သူလူထုများ၏ ဘေးဆိုးအန္တရာယ်များကို လူ့အသက်ထက်မည်သည့်အရာမှ အရေးမကြီးဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ ညွှန်ကြားချက်အတိုင်း အထက်အဆင့်ဆင့်အမိန့်စောင့်စရာမလိုဘဲဖြစ်စဉ်နေရာ၌ ဦးစွာရောက်ရှိပြီး သဘာဝဘေးဆိုးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းပေးခဲ့ရသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း မူလအဆင့်အတန်းထက် ပိုမိုမြင့်မားစေရေးရည်မှန်းဆောင်ရွက်ရန် လမ်းညွှန်ချက်ကိုလည်း သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းတိုင်ပင်လျက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်နှင့် ကျေပွန်စွာထမ်းဆောင်ခဲ့သည်ကို အားလုံးသိမြင်ကြပြီးဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေချိန်တွင် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပုဒ်မ ၃၈၃ တွင် **"နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုစောင့်ထိန်းရန် တာဝန်ရှိသည်"**ဟု ပြဋ္ဌာန်းထားပြီးဖြစ်သောကြောင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဦးဆွေးဆံမြည့် ကာကွယ်စောင့်ရှောက်သွားကြရန် အထူးမှာကြားလိုကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်၏ပကတိလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိမှသာ ခိုင်မာတိုးတက်သည့် လူမှုစီးပွားဘဝများကိုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုအခက်အခဲများဖြစ်ပေါ်စေရန်ရည်ရွယ်ပြီး လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိကြောင်း။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အကြမ်းဖက်သမားများ ခိုအောင်းလျက်ရှိသည့် မြို့နယ်အချို့ကို စစ်အုပ်ချုပ်ရေးအမိန့်များထုတ်ပြန်ခဲ့ပြီး တပ်မတော်က နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အကြမ်းဖက်သမားများသည် ခိုအောင်းနေသည့် မြို့ရွာတော်တော်များများမှ ဆုတ်ခွာထွက်ပြေးနေကြပြီဖြစ်သကဲ့သို့ NUG၊ CRPHနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် PDF အမည်ခံအကြမ်းဖက်သမားအချို့သည်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံကြည်လက်ခံလာပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ ဥပဒေဘောင်အတွင်း တဖွဲဖွဲဝင်ရောက်လာမှုအနေဖြင့် ၂၀၂၁ ခုနှစ်မှ ယနေ့ထိ အလင်းဝင် စုစုပေါင်း ၁၃၄၁ ဦးရှိနေပြီး ဆက်လက်၍လည်း အလင်းဝင်ရောက်ရန် ဆက်သွယ်နေကြဆဲဖြစ်ကာ အမှောင်ကာလအတွင်း ဥပဒေနှင့်ငြိစွန်းခြင်းမရှိသည့် အလင်းဝင်ရောက်သူများကို နိုင်ငံတော်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အသီးသီးတို့က ဝမ်းမြောက်ဝမ်းသာစွာကြိုဆိုခဲ့ကြပြီး မိဘဆွေမျိုးရင်ခွင်အတွင်းသို့ လိုအပ်သည့်၊ တတ်နိုင်သည့်ထောက်ပံ့ပေးမှုများနှင့် လွှဲပြောင်းပေးခဲ့ရာ အလင်းဝင်ရောက်သူများအနေဖြင့်လည်း စိတ်လက်ချမ်းသာစွာဖြင့် မိသားစုများနှင့် အေးချမ်းပျော်ရွှင်နေကြပြီဖြစ်ကြောင်း။



ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတက်ရောက်လာသည့် ဧည့်သည်တော်များကို တွေ့ရစဉ်။

နယ်မြေတည်ငြိမ်အေးချမ်းရေးပြန်လည်ရယူနိုင်ခဲ့သည့် မြို့နယ်များကို အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်ဆောင်ရွက်နိုင်ရေး၊ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများဖွင့်လှစ်နိုင်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝအေးချမ်းစွာ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပေးအပ်လာသည့်တာဝန်မှန်သမျှကို မမှိတ်မသုန် ကျေကျေပွန်ပွန် ထမ်းဆောင်သွားကြရန်

စာမျက်နှာ ၁၈ သို့



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း ထူးချွန်ဆုရ ဗိုလ်လောင်းများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အလွန်ရုပ်ဆိုးအကျည်းတန်သည့် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁) ပုဒ်မ ၂၀ ပုဒ်မခွဲ(စ)ပါ **“တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်”**ဆိုသည့်ပြဋ္ဌာန်းချက်အတိုင်း တပ်မတော်သည် အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်ခဲ့ရသည်နှင့်အညီ တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်နှင့်အညီ နိုင်ငံတော်ကို ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်အောင် ရှေ့လုပ်ငန်းစဉ်များဦးတည်ချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ဒီမိုကရေစီစနစ်တွင် လွတ်လပ်ပွင့်လင်းပြီး တရားမျှတသည့် ရွေးကောက်ပွဲသည် အရေးကြီးဆုံးဖြစ်ခြင်းကြောင့် ၂၀၂၃ ခုနှစ်မှစတင်ပြီး ရွေးကောက်ပွဲအတွက် တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သည်များကို ပြင်ဆင်စီမံခဲ့ရာမှ နောက်ဆုံးလွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ အပိုင်း သုံးပိုင်းခွဲပြီး အောင်မြင်စွာကျင်းပပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းအနက် ၁၃ ဒသမ ၁၃ သန်း လာရောက်မဲပေးခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း ပြည်သူများက ဆန္ဒမဲပေးခဲ့ကြသည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် တပ်မတော်အနေဖြင့် လုံခြုံရေးပိုင်းအပါအဝင် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံတော်အစိုးရကလည်း တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန်အတွက် နိုင်ငံတကာမှ ရွေးကောက်ပွဲဆိုင်ရာစောင့်ကြည့်လေ့လာသူများကိုဖိတ်ခေါ်၍ လာရောက်လေ့လာစေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုက လွတ်လပ်၍ တရားမျှတစွာ ရွေးချယ်ပေးလိုက်သည့် ရွေးကောက်ပွဲက ပေါ်ထွန်းလာမည့် ရွေးကောက်ခံအစိုးရထံ နိုင်ငံတော်တာဝန်များကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ လက်ရှိ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က လွှဲအပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ဘက်လိုက်မှုကင်းကင်းနှင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေမှုများဖြစ်သကဲ့သို့ သမိုင်းမှတ်တမ်းကောင်းများလည်းဖြစ်ကြောင်း၊ မိမိနိုင်ငံနှင့်တပ်မတော်၏ သမိုင်းကြောင်းများကို သိရှိအောင်လေ့လာ၍ မှန်မှန်ကန်ကန်သုံးသပ်ပြီး နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံ့အင်အား တောင့်တင်းခိုင်မာမှုရှိရေးအတွက် တပ်မတော်အင်အားတောင့်တင်းရမည်ဖြစ်သကဲ့သို့ **“ပြည့်အင်အား**

> **တပ်မတော်သည် စည်းကမ်းကို အဓိကမဏ္ဍိုင်ပြုပြီး တည်ဆောက်ထားခြင်းကြောင့် စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး လက်အောက်ငယ်သားများကိုပါ စည်းကမ်းလိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် အလေးအနက်ထား မှာကြားလို . . .**

**သည် ပြည်တွင်းမှာသာရှိသည်”** ဆိုရိုးအတိုင်း တပ်မတော်နှင့်ပြည်သူစည်းလုံးညီညွတ်မှုသာ ခိုင်မာသည့်စည်းလုံးညီညွတ်မှုအင်အားကိုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အခြေခံသည့် တပ်တွင်း၊တပ်ပြင်စည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာစွာတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာစေရန်အတွက် လက်အောက်စစ်သည်များနှင့် မိသားစုဝင်များအပေါ် မိသားစုသဖွယ်၊ ညီအစ်ကိုမောင်နှမသဖွယ် ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း။

မျက်မှောက်ကာလတွင် ဆန့်ကျင်ဘက် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် လူမှုကွန်ရက်များကို အသုံးပြုပြီး တပ်မတော်သိက္ခာကျအောင် ထိုးနှက်တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး မိသားစုဝင်များကို မှန်ကန်သည့် အသိ၊အမြင်၊ယုံကြည်ချက်၊ ခံယူချက်ဖြစ်ပေါ်စေရေးအတွက် မှန်ကန်သည့်ဦးဆောင်လမ်းညွှန်မှုများနှင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာအောင် တည်ဆောက်နိုင်ရန် သာမက တပ်ပြင်စည်းလုံးညီညွတ်ရေးကိုလည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တပ်ပြင်စည်းလုံးညီညွတ်ရေး ခိုင်မာစေရန်အတွက် ပြည်သူလူထုအပေါ်ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးနှင့်အညီ နေထိုင်ကျင့်ကြံသွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအပေါ် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပါကလည်း လူသားချင်းစာနာထောက်ထားမှုအပြည့်နှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာ တပ်ရင်း၊တပ်ဖွဲ့အလိုက် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သည့်ဘက်မှဆောင်ရွက်ပေးခြင်း၊ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ပေးခြင်းစသည့် လုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ သို့မှသာ တပ်မတော်နှင့် ပြည်သူတစ်သားတည်းဖြစ်ပြီး တပ်ပြင်စည်းလုံးညီညွတ်ရေးသည်လည်း ခိုင်မာအားကောင်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းများတွင် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးသည် အရေးကြီးသည့် အခြေခံအချက်ဖြစ်သည့်အတွက် အောင်မြင်အောင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတာဝန်ယူကွပ်ကဲရသည့် လက်အောက်ငယ်သားများအပေါ် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ ရဲဘော်ရဲဘက်စိတ်အပြည့်ဖြင့် တရားမျှတစွာကွပ်ကဲအုပ်ချုပ်ပြီး ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်၊ တိုက်စွမ်းရည်ပြည့်ဝသည့် တပ်ဖွဲ့ဝင်များဖြစ်စေရန်အတွက် လေ့ကျင့်ရေးကို စစ်ဆင်ရေးတစ်ရပ်ကဲ့သို့ ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပေးအပ်လာသည့် တာဝန်ဟူသမျှကို မမိုတ်မသုန်ကျေကျေပွန်ပွန်ထမ်းဆောင်သွားကြရန်။

ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဦးဆွေးဆံမြည့် တတ်စွမ်းသရွေ့ကာကွယ်စောင့်ရှောက်သွားကြရန်၊ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရမည့် အနာဂတ်၏ခေါင်းဆောင် ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာခန်းမ၌ ထူးချွန်ဆုရဗိုလ်လောင်းများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

သွားရောက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ပြည်သူများအနေဖြင့် အားတက်သရော ပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး ယခုအချိန်ထိ အဆိုပါရွေးကောက်ပွဲနှင့် ပတ်သက်၍ကြီးမားသည့်ကန့်ကွက်မှုများ မရှိခြင်းကြောင့် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ မကြာမီကာလအတွင်း လွှတ်တော်ကျင်းပဆောင်ရွက်သွားမည့်အခြေအနေများ၊နိုင်ငံရေးအစိုးရများ မည်သို့ပင်ပြောင်းလဲသည်ဖြစ်စေ တပ်မတော်သည် ပြောင်းလဲမှုမရှိခြင်းကြောင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ ရောက်ရှိ၊ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို၊ တွေ့ဆုံဆွေးနွေး၊ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ၊ လေ့လာရေးခရီးသွားရောက်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha တို့ ဂုဏ်ပြုတပ်ဖွဲ့ကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိလာသည့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha နှင့် ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက်တွင် ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်းသို့ ရောက်ရှိကြပြီး သူရဲကောင်းဗိမာန်(နေပြည်တော်)သို့သွားရောက်ကာ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချ၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်စွန့်ခဲ့ကြသူများအား အလေးပြုကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha က ဘုရင့်နောင်ရိပ်သာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha အား ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးအတွက် လေ့လာရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ တွေ့ဆုံပွဲအပြီးတွင် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီးက တည်ခင်းဧည့်ခံသော ဂုဏ်ပြု နေ့လယ်စာစားပွဲကို Park Royal Hotel ၌ ပြုလုပ်ရာ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တပ်မတော်(လေ)မှ အရာရှိကြီးများတက်ရောက်ကာ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။ နေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဖျော်ဖြေရေးအဖွဲ့များက တေးသံသာများဖြင့် သီဆိုဧည့်ခံခဲ့ကြသည်။ ဂုဏ်ပြုနေ့လယ်စာ စားပွဲအပြီးတွင် နှစ်နိုင်ငံလေတပ် အကြီးအကဲများက အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ကြသည်။

ချစ်ကြည်ရေးခရီးစဉ် လာရောက်စဉ်ကာလအတွင်း ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ကမ္ဘာအေးဘုရား၊ ဗိုလ်တထောင်ဘုရား၊ ရွှေတိဂုံစေတီတော်မြတ်ကြီးတို့သို့လည်းကောင်း၊နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။ ထို့နောက် အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရပ်စောက်မြို့ရှိ မြို့မဘုရားကြီးကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၊ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများကို သွားရောက်ကြည့်ရှုအားပေး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ဗထူး)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရပ်စောက်မြို့ရှိ မြို့မဘုရားကြီးကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြားကာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ဗထူး)သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆွမ်းဆန်တော်၊ ဆီ၊ သကာ်န်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ရပ်စောက်မြို့ မြို့ကုန်းရပ်ကွက် မြို့မဘုရားကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တာရက အမှူးပြုသော သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုကာ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆွမ်းဆန်တော်၊ ဆီ၊ သကာ်န်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် မြို့မဘုရားကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရား နာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ရပ်စောက်မြို့ရှိ ပြည်သူ့ ဆေးရုံသို့ရောက်ရှိရာ ဆေးရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို လိုက်လံမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံရှိ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ တီဘီရောဂါရှာဖွေရေးဌာန၊ သွားနှင့်ခံတွင်းဌာနနှင့် ဆေးသိုလှောင်ခန်းတို့ရှိ ရောဂါရှာဖွေရေးကိရိယာများ၊ ဆေးဝါးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် အဆိုပါ ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် တိုင်းစစ်ဌာနချုပ်က ပေးအပ်သည့် ကြက်ဥများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ဗထူး)သို့ သွားရောက်၍ ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပတော့မည့် Grade-12 စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို အနီးကပ်သင်ကြားပေးနေမှုများ သွားရောက်ကြည့်ရှုအားပေး စကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ကြီးရုံးခန်း၌ ကျောင်းတာဝန်ခံနှင့် ဆရာ၊ ဆရာမများကို တွေ့ဆုံစဉ် တာဝန်ရှိသူများက ယခုနှစ် Grade-12 ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် စီစဉ်ဆောင်ရွက် လေ့ကျင့်သင်ကြားနေမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ယခုနှစ် ဖြေဆိုကြမည့် Grade-12 စာမေးပွဲနှင့်ပတ်သက်၍ ယမန်နှစ် Grade-12 စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းနှင့် အဆင့်ထက် မလျော့ကျသွားအောင် ယခုနှစ်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ထူးချွန်စွာအောင်မြင်စေရန်နှင့် အောင်ချက်ရာခိုင်နှုန်း ဆက်လက်မြင့်မားစေရေး ရည်မှန်းချက်ထား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်၊ **စာမျက်နှာ ၂၂ သို့**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် တိုင်းစစ်ဌာနချုပ်က ပေးအပ်သည့် ကြက်ဥများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ဗထူး)တွင် Grade-12 စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အနီးကပ်သင်ကြားပေးနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ကျောင်းဆင်းအရာရှိများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘများနှင့် ဆွေမျိုးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြစဉ်။

---

**စာမျက်နှာ ၂၀ မှအဆက်**

တန်းစဉ်ကူးပြောင်းမှုနှင့် ပတ်သက်၍ အတန်းအလိုက် နှစ်စဉ် အပြည့်အဝ တန်းစဉ်ကူးပြောင်းနိုင်ရေး တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် မိဘများက အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မကြာမီအချိန်အတွင်း Grade-12 စာမေးပွဲဖြေဆိုကြရတော့မည်ဖြစ်သည့်အတွက် ကျန်ရှိသည့် အချိန်အတွင်း စာကျက်ချိန်မြှင့်တင်နိုင်ရေး Camp သွင်း၍ ကြပ်မတ်ဆောင်ရွက်သွားရန်၊ ထို့ပြင် ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများကို စာပေပညာသင်ကြားပေးရာတွင် တန်းစဉ်အလိုက် စာကျေအောင်၊ စာတတ်အောင် လေ့ကျင့်သင်ကြားပေးကြရန် လိုကြောင်း မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများ၊ တိုင်းစစ်ဌာနချုပ်က ပေးအပ်သည့် ကြက်ဥများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းအတွင်း ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး၏ အဖျားခတ်မှုကြောင့် ကျောင်းခြံစည်းရိုးအုတ်တံတိုင်း ပေ ၁၇၀ ခန့် ပြိုကျပျက်စီးမှု၊ စာသင်ဆောင်မျက်နှာကြက်များ ပြိုကျပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---


## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများကိုတွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်လိုက်သည့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ဗထူးမြို့သည် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းကျောင်းကြီးများနှင့် လေ့ကျင့်ရေးအထောက်အကူပြု လက်ရုံးဝန်ထမ်းတပ်များ အခြေပြုရာ သမိုင်းအစဉ်အလာအရ ထူးခြားသည့် တပ်မြို့ဖြစ်ပြီး အဓိကတာဝန်သည် လေ့ကျင့်သင်ကြားပေးရန် ဖြစ်သည့်အတွက် လေ့ကျင့်သင်ကြားရေးနှင့် ပတ်သက်၍ ပီပီပြင်ပြင် လက်တွေ့ကျကျ လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း၊ ထိုသို့ စစ်ဘက်ဆိုင်ရာ အသိပညာနှင့် အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရာတွင် နည်းပြများအနေဖြင့် စေတနာထား၍ တတ်မြောက်သည်အထိ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိသိသကဲ့သို့၊ တတ်မြောက်သကဲ့သို့၊ ကျွမ်းကျင်သကဲ့သို့ သင်တန်းသားများကိုလည်း တတ်သိကျွမ်းကျင်အောင် အိတ်သွန်ဖာမှောက်သင်ကြားပေးရန်လိုကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းသားတပည့်များကို ဆရာဂုဏ်ပြည့်ဝစွာဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။

ထို့ပြင် တပ်မြို့တွင်နေထိုင်သော အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအနေဖြင့် မိမိတို့တပ်၊ ကျောင်းများကို သာမက မြို့နေလူထု၏ လုံခြုံရေးနှင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက်လည်း လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုကြောင်း၊ တပ်မတော်သားများ တာဝန်ကိုကောင်းမွန်စွာ ထမ်းဆောင်နိုင်ရန် လေ့ကျင့်သင်ကြားပေးရာ၊မွမ်းမံလေ့ကျင့်ပေးရာ သင်တန်းကျောင်းကြီးများရှိရာမြို့ဖြစ်၍ တာဝန်ထမ်းဆောင်မှုအပေါ် ဂုဏ်ယူစွာဖြင့် မိမိအား ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO အဖွဲ့များအနေဖြင့် နိုင်ငံရေးဖြစ်စဉ် ကမောက်ကမဖြစ်မှုများကြောင့် နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာကြသည့် လူငယ်လူရွယ်များ၊ DCS နိုင်ငံ့ဝန်ထမ်းအချို့တို့ကို လူသားချင်း စာနာထောက်ထားမှုအကြောင်းအရာ ခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများရယူကာ အကြမ်းဖက်သင်တန်းများ သင်ကြားပို့ချ၍ လက်နက်များတပ်ဆင်ပေးကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်စေရန်မြှောက်ပင့်ပေးမှု၊ တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့ အပါအဝင် အကြမ်းဖက်အဖွဲ့များ ဒေသအလိုက် အမည်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် တိုင်းရင်းသားဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပြီး အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အဆိုပါအခြေအနေကို အခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ပြည်သူလူထုများနှင့်အတူတကွပူးပေါင်း၍ တရားဥပဒေနှင့်အညီ တိုက်ပွဲဝင်စိတ်ဓာတ်ကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လှေခွက်ချည်းကျန်အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် တိုက်ခိုက်ချေမှုန်းနှိမ်နင်းလျက်ရှိပြီး အောင်မြင်မှုများစွာ ရရှိခဲ့ကြောင်း၊ ထိုသို့ အောင်မြင်မှုရရှိခြင်းသည် အရာရှိ၊ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ စွမ်းရည်များကြောင့်ပင်ဖြစ်ကြောင်း၊ ထိုသို့ တစ်ဦးချင်း၏စွမ်းရည်များ ရရှိလာအောင် လေ့ကျင့်ရေးသင်တန်းကျောင်းကြီးများကပင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်၍ ရှေ့ဆက်၍လည်း နည်းပြများအနေဖြင့် သင်တန်းသားများကို ယခုထက်ပို၍ စနစ်တကျလေ့ကျင့်သင်ကြားပေးသွားကြရန်လိုကြောင်း။

နိုင်ငံရေးဖြစ်စဉ်နှင့်ပတ်သက်၍ NLD အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဆောင်ရွက်ပြီး နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန်ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော်တာဝန်များကို ခေတ္တထိန်းသိမ်းထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရတာဝန် ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့်ပါတီအား နိုင်ငံတော်၏ တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူ ဆောင်ရွက်ခဲ့ရချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များကိုပင် လုပ်ဆောင်လာခဲ့ကြကြောင်း၊ ယင်းအချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးဖြစ်ပေါ်နေသည့်ကာလဖြစ်ပြီး သစ္စာမဲ့သည့်

**စာမျက်နှာ ၂၃ သို့**

စာမျက်နှာ ၂၂ မှအဆက်
နိုင်ငံ့ဝန်ထမ်းအချို့၏ လုပ်ငန်းခွင်စွန့်ခွာမှုများကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ အလားတူ ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် ရာဂိမုန်တိုင်းတိုက်ခတ်မှု၏ နောက်ဆက်တွဲအဖြစ် နှစ်ပေါင်း ၁၀၀ အတွင်း မကြုံဖူးသောရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ခြင်းနှင့် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ခြင်းများနှင့် အခြားစိန်ခေါ်မှုကြီးများကိုလည်း အခက်အခဲများကြားမှ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သဖြင့် နောက်ပိုင်းတွင် အကြမ်းဖက်မှုများ တဖြည်းဖြည်း လျော့ပါးသွားခဲ့ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပရန်နိုင်ရန်အတွက် မိမိတို့အနေဖြင့် မဲစာရင်းများမှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲနေဖြင့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေးဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း သုံးပိုင်းခွဲ၍ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တက်ကြွစွာဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM)စက်များဖြင့် စနစ်တကျမဲပေးခြင်းများကို မိတ်ဖက်နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများမှ ရွေးကောက်ပွဲလာရောက်လေ့လာ စောင့်ကြည့်သူများ၊ ပြည်တွင်း၊ပြည်ပ မီဒီယာများ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း၊ ရွေးကောက်ပွဲသည် မဲမသမာမှုနှင့်မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း။

ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး ဖြစ်သဖြင့် မကြာမီလာမည့် မတ်လတွင် လွှတ်တော်ခေါ်ယူ၍ အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဧပြီလဆန်းပိုင်းတွင် သမ္မတရွေးချယ်တင်မြှောက်၍ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းကာ နိုင်ငံတော်၏တာဝန်ကို ပြန်လည်လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများမည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ စွမ်းရည်၊ စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေး အကြီးအကဲများက ကြိုးပမ်းဆောင်ရွက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသည့် နည်းပြများအနေဖြင့်လည်း စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဆိုသည့် ဆောင်ပုဒ်အတိုင်း တိတိကျကျ လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း။

ဗထူးတပ်မြို့သည် လေ့ကျင့်ရေးကျောင်းကြီးများရှိသကဲ့သို့ ခြေလျင်၊ ခြေမြန်တပ်ရင်းများ၊ လက်ရုံးတပ်ဖွဲ့များလည်းရှိကြရာ တပ်ရင်း၊ တပ်ဖွဲ့နှင့်မိသားစုများအတွက် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး လေးရပ်ကိုလည်း နိစ္စဓူဝ သမားစဉ်လုပ်ငန်းများနှင့်အတူ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လေ့ကျင့်ရေးကို တစ်ဖက်မှာလည်း ကိုယ်တိုင်၊ သင်တန်းသားများပါ လေ့ကျင့်ပေးသကဲ့သို့ တပ်နယ်အတွင်းရှိ သန္တေအရာရှိ၊ စစ်သည်များနှင့် မိသားစုများကို တိုက်ပွဲဝင်စိတ်ဓာတ်များ၊ စစ်မှုအတတ်ပညာများ သိရှိလိုက်နာနိုင်ရေးကိုလည်း လေ့ကျင့်ပေးနေရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ စစ်ဆင်ရေး၊ လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ဒေါက်တိုင် သုံးရပ်ကောင်းမွန်စွာလည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ ဦး၊ ရေး၊ ထောက် လုပ်ငန်းများကို ဟန်ချက်ညီ ထိန်းကျောင်းသွားရန်လိုကြောင်း၊ ပုံမှန်ဆောင်ရွက်ရသော လုပ်ငန်းစဉ်ဖြစ်၍ တာဝန်ရှိသူများက စိတ်ဝင်တစား ဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

မကြာမီ မတ်လတွင်ကျင်းပတော့မည့် Grade-12 စာမေးပွဲဝင်ရောက် ဖြေဆိုကြမည့် တပ်နယ်များမှ ကျောင်းသား၊ကျောင်းသူများ ထူးချွန်စွာအောင်မြင်စေရေး တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြရန်နှင့် မိဘများအနေဖြင့်လည်း မိမိ၏ သားသမီးများကို ပညာအမွေပေးနိုင်ရန်၊ တန်းစဉ်ကူးပြောင်းမှုတွင် အတန်းပညာပြီးဆုံးသည်အထိပါဝင်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဂရုတစိုက် ကြပ်မတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့်ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေတစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်လိုက်သည့် စားသောက်ဖွယ်ရာပစ္စည်းများ၊ တိုင်းစစ်ဌာနချုပ်ကပေးအပ်သည့် ကြက်ဥများကို ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။ အလားတူ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီးက တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)ပေါင်းစည်းလယ်ယာ(ဗထူးစမ်း)သို့ သွားရောက်၍ ဥစားကြက်(Novogen Brown) မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူထားရှိမှု၊ DYL ဝက်မွေးမြူထားရှိမှုနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ လယ်မြေသစ်များ ဖော်ထုတ်၍ ၎င်းလယ်မြေများတွင် နေကြာသီးညှပ် ရှစ်ဧက၊ ကုလားပဲ ရှစ်ဧက၊ ပဲပုပ် ၁၄ ဧက၊ အာလူး တစ်ဧက စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ပေါင်းစည်းလယ်ယာ(ဗထူးစမ်း)၌ DYL ဝက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

# ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆) ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၁၈၅ ဒသမ ၉၆ ဧကရှိသောနယ်မြေကို **“ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၂၆ )အရ ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၃ ရက် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောသစ်မျိုးများနှင့် ဒီရေတောဂေဟစနစ်ရေရှည်တည်တံ့စေရန်၊ သဘာဝဒီရေတောများ ပျက်စီးပြုန်းတီးခြင်းမှကာကွယ်ရန်၊ ရေသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝစေရန်၊ ပင်လယ်ပြင်မှ ဖြစ်ပေါ်လာသော လှိုင်းဒဏ်၊ လေမုန်တိုင်းခံစားရမှုများကို သဘာဝတံတိုင်းကြီးများသဖွယ်ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ကဏန်း၊ ပုစွန်စသည့် ရေသယံဇာတများ ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေဝင်ရောက်မှုများမှ တားဆီးကာကွယ်နိုင်ရန်၊ ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု အထောက်အကူပြုနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်လုပ်ကိုင်မှု ပိုမိုကောင်းမွန်လာစေပြီး သစ်တောဖုံးလွှမ်းမှုဧရိယာတိုးပွားလာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

**“ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော”** သတ်မှတ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ရာသီဥတုနှင့် ဒေသအတွက်အကျိုးပြုသော ဒီရေတောများဖြစ်ထွန်းလာမည်ဖြစ်ခြင်း၊ ဒီရေတောဂေဟစနစ်ကို ရေရှည်တည်တံ့စေခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ကမ်းရိုးတန်းရေတိုက်စားမှု၊ မုန်တိုင်းဒဏ်စသည့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ခြင်း၊ ဒီရေတောသစ်မျိုးများဖြစ်သော ဗြူးခြေထောက်၊ ဗြူးအုပ် ဆောင်း၊ သမဲ့ကြီး၊ သမဲ့ကျက်တက်၊ လမု၊ လဘာ၊ ပင်လယ်အုန်း၊ ကျနု၊ သမဲ့ဖြူနှင့် ဓနိပင်စသည့်ဒေသသစ်မျိုးများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ခရုစုတ်ငှက်၊ စွန်ခေါင်းဖြူ၊ မျောက်၊ ဒင်ကျီးငှက်စသည့် ငှက်မျိုးများနှင့် မိကျောင်းများ၏ နေရင်းဒေသကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါး၊ ကဏန်း၊ ပုစွန်စသည့် ရေနေသတ္တဝါများ၏ ရှင်သန်ပေါက်ဖွားရာ



အဏ္ဏဝါဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောထိန်းသိမ်းမည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်နိုင်မည်ဖြစ်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး ရာသီဥတုမျှတ ကောင်းမွန်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၅၀၀ ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၇ ခု ခွင့်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် နှစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ခြင်းကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၅ ခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၄၄ သန်းနှင့် ငွေကျပ် ၅၅၇၉၀၁၇ ဒသမ ဝ၆၉ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၄၄၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး သွင်းအားစုများထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် အိမ်ရာအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းတို့လည်းပါဝင်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလကုန်ထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားကြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များ စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းဗိုလ်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မင်းသီဟ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၊ ၎င်းတို့၏ မိဘဆွေမျိုးများနှင့်နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင်နေရာယူကြသည်။ ဆက်လက်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်ပြီး အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ကို ၁၉၄၆ ခုနှစ်တွင် ပြင်ဦးလွင်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်( ၁ မှ ၁၆)ထိလည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇ မှ ၂၈)ထိ လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှ မှော်ဘီမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉ မှ ၈၂)ထိ လည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မှော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၃ မှ ယနေ့)ထိ ဗိုလ်လောင်းများအား လေ့ကျင့်သင်ကြားပေးလျက်ရှိကာ အရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ ကျောင်းဆင်းအရာရှိများအနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူ တစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၉၄ ဦး၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခံရသူ ၄၁၁ ဦးအထိရရှိခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၊ လပွတ္တာမြို့နယ် ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး မှော်ဘီတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝမ်လုံးကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအနီး မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာအား မူးယစ်ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ နိုင်ငံတစ်ဝန်း မူးယစ်းဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုများ တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့အနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၏အနောက်မြောက်ဘက် ကီလိုမီတာ ၃၀ ခန့်အကွာ၌ မူးယစ်ဆေးဝါးများ ထုတ်လုပ်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းခြင်းများ သွားရောက်ဆောင်ရွက်ရာ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့၏ အရှေ့တောင်ဘက် ၁၉ ကီလိုမီတာ (ဝမ်လုံးကျေးရွာ၏တောင်ဘက် ၈ ကီလိုမီတာခန့်) အကွာနေရာ၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော Promethazine တံဆိပ်ပါ ချောင်းဆိုးပျောက်ဆေးရည် ဘူး ၁၀၀ (ဘူး ၅၀ စီပါ နှစ်ဖာ)၊ Food Colour တံဆိပ်ပါ အပြာရောင်ဆေးဘူးအကြီး ၁၈ ဘူးနှင့် ဘူးအသေး ၄၁ ဘူး၊ စိစစ်ဆဲဆေးရည်ပုလင်းအသေး အလုံး ၅၀၀၊ မျောက်ခေါင်းတံဆိပ်ပါ အနံ့ဆေးရည် ၁၅ ဖာ(တစ်ဖာလျှင် ဘူး ၂၀ ခန့်)၊ စိစစ်ဆဲအဖြူရောင်အမှုန့် ဆာလာအိတ်တစ်ဝက်ခန့်စီပါ ခြောက်အိတ်၊ ဘိန်းမည်းသုံးထုပ်၊ ဘိန်းဖြူဘလောက်တုံး တစ်တုံး၊ စိစစ်ဆဲ အနက်ရောင်အထုပ် တစ်ထုပ်၊ အဖြူရောင်ပုံဆောင်ခဲ တစ်ကီလိုဂရမ်စီပါ ကိုးထုပ်၊ တိပ်ဝါများပိတ်ထားသည့် WY ဆေးပြား ၆၀၀၀ ခန့်ပါ ၁၂ စည်း၊ ၉၉၉ တံဆိပ်ပါ တိပ်ဝါပတ်လျက် WY ဆေးပြား ၁၀၀၀၀ ခန့်ပါ ၁၀ စည်း၊ ထုပ်ပိုးရခြင်း မရှိသေးသည့် WY ဆေးပြား ဆာလာအိတ်တစ်ဝက်ခန့်စီပါ ၁၂ အိတ်၊ WY ဆာလာအိတ်တစ်ဝက်ခန့်စီ ထည့်ထားသော WY ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည်ဟုယူဆရသည့် ဆေးမှုန့် ၁၂ အိတ်၊ ရိုက်သံမှို နှစ်ဖာနှင့် ဆက်စပ်ပစ္စည်းများ ထည့်သွင်းထားသည့် အပြာရောင်ဘူးကြီး ၁၄ ဘူး၊ ကီလိုချိန်စက် သုံးလုံး၊ မီးစက်အကြီး တစ်လုံး၊ မွှေစက်အသေး သုံးလုံးနှင့် အခြောက်ခံဗန်းဆိုဒ်စုံ ၃၂ ခုတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါသိမ်းဆည်းရမိ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများကို စနစ်တကျစိစစ်ဖော်ထုတ်ကာ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်သည့် ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နိုင်သည့်နေရာများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ ကျောင်းသားလူငယ်အရွယ်များကစတင်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များကို ဒေသခံပြည်သူလူထုနှင့် လက်တွဲ၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယခုသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ ချက်လုပ်ရာတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် အဖွဲ့အစည်းများကိုလည်း ထိရောက်ပြင်းထန်စွာအရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)











ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝမ်လုံးကျေးရွာအနီး၌ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# ၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၏အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) သုံးခုအနက် နှစ်ခုကို "Multiprofessional Patient Safety: Engaging Health Educators to enhance Patient Safety" ခေါင်းစဉ်နှင့် "Silent Mentor Surgical Workshop" ခေါင်းစဉ်တို့ဖြင့် တပ်မတော်ဆေးတက္ကသိုလ်၌ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်ထိလည်းကောင်း၊ "Modern Damage Control in the Era of Polycrisis" ခေါင်းစဉ်ဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀)၌ ၂၀၂၆ ခုနှစ် မတ် ၃ ရက်တွင်လည်းကောင်း၊ ဆေးပညာနီးနှောဖလှယ်ပွဲကို အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀)၌ ၂၀၂၆ ခုနှစ် မတ် ၄ ရက်မှ ၆ ရက်ထိလည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ဆေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ၌ သုတေသနစာတမ်း ၇၁ စောင်၊ သုတေသနလုပ်ဆောင်ချက်ပိုစတာ ၆၈ ခု၊ Symposium of the Conference တစ်ခု၊ Major Symposium တစ်ခု၊ Symposium ၁၃ ခု၊ Clinicopathological Conference တစ်ခု၊ Clinical Session တစ်ခု၊ Special Talk ရှစ်ခု၊ Meet the Expert တစ်ခုတို့ကို ပြည်တွင်း၊ ပြည်ပမှ သုတေသီများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများနှင့် သူနာပြုများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

ဆေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် အငြိမ်းစား အရာရှိကြီး၊ အရာရှိများ၊ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများ၊ နီးနှောဖလှယ်ပွဲအစီအစဉ်တွင်ပါဝင်သည့် အရာရှိကြီး၊ အရာရှိများ၊ Symposium၊ စာတမ်း၊ ပိုစတာ Present ပြုလုပ်မည့်သူများမှအပ နီးနှောဖလှယ်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အငြိမ်းစား အရာရှိကြီး၊ အရာရှိများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် သူနာပြုများအနေဖြင့် Online မှ တက်ရောက်နိုင်မည်ဖြစ်ပြီး www.dsmrdc.org တွင်ဝင်ရောက်ကြည့်ရှု၍ Registration ပြုလုပ်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# စားအုန်းဆီဈေးကွက် ဈေးနှုန်းအလားအလာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစ၍ စားအုန်းဆီထုတ်လုပ်သောနိုင်ငံများတွင် ထုတ်လုပ်မှုလျော့ကျခြင်း၊ တရုတ်နှစ်သစ်ကူးပွဲတော်နှင့် ရမသွာန်(Ramadan)ကာလများအတွက် ကြိုတင်ဝယ်ယူစုဆောင်းမှုများလာခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများတွင် စားအုန်းဆီဈေးနှုန်း အနည်းငယ်မြင့်တက်လာခဲ့သည်။

သတင်းအရင်းအမြစ်များနှင့် Reuters Softwareပါ ဈေးကွက်သတင်းများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုလျော့ကျသည့်ကာလဖြစ်ခြင်း၊ လက်ရှိကာလတွင် မလေးရှားရင်းဂစ်ငွေတန်ဖိုးမြင့်တက်လာခြင်း၊ အင်ဒိုနီးရှားအစိုးရက စားအုန်းဆီပို့ကုန်ခွန်(Levy)ကို လက်ရှိ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်ပြီး ၂၀၂၆ ခုနှစ် မတ် ၁ ရက်မှစ၍ ၁၂ ဒသမ ၅ ရာခိုင်နှုန်းထိကောက်ခံရန်အတည်ပြုထားပြီးဖြစ်ကြောင်း၊ ကမ္ဘာ့စားအုန်းဆီလက်ကျန်အချိုးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၂၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်၁၉ ရာခိုင်နှုန်းသို့ကျဆင်းလာခြင်း၊ မတ်လကုန်ပိုင်းတွင်ကျင်းပမည့် အီးဒ်ပွဲတော်(Eid al-Fitr)ကာလအတွက် ဝယ်လိုအားများခြင်းတို့ကြောင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် စားအုန်းဆီ FOB တစ်တန်ဈေးနှုန်း(ထုတ်လုပ်သည့်နိုင်ငံများ၏ဈေးနှုန်း)သည် အမေရိကန်ဒေါ်လာ ၁၀၄၇၊ ဖေဖော်ဝါရီလတွင် ၁၀၇၈ သို့ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ NNT(DOCA)

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကယားပြည်နယ် သံလွင်မြစ်ကူးတံတားတစ်စင်းဖြစ်သည့် ဖားဆောင်းမြို့နယ်မှ မယ်စဲ့မြို့နယ်သို့ဆက်သွယ်ထားသည့် သံလွင်တံတား(ဖားဆောင်း)ကို KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဒုတိယအကြိမ် ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပျက်ပြားစေရန်ရည်ရွယ်၍ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြရာ ဖားဆောင်းမြို့အနီးရှိ သံလွင်မြစ်ကူးတံတားတစ်စင်းဖြစ်သော သံလွင်တံတား(ဖားဆောင်း)ကို အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် ဒုတိယအကြိမ် ထပ်မံ၍ ယုတ်မာရိုင်းစိုင်းစွာမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။




KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား(ဖားဆောင်း)ကို မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှုကို တွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများက KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် အပြီးတိုင်ပြန်လည်ထိန်းချုပ်ခဲ့ပြီး အဆိုပါဒေသတစ်ဝိုက်ကို လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများက တပ်မတော်စစ်ကြောင်းများ ၎င်းတို့၏နောက်သို့ ထက်ကြပ်လိုက်လံ ချေမှုန်းတိုက်ခိုက်ခြင်းများ မဆောင်ရွက်နိုင်စေရန်အတွက် ဒေသခံပြည်သူများ အားထားအသုံးပြုလျက်ရှိသည့် ဖားဆောင်းမြို့အနီးရှိ သံလွင်တံတား(ဖားဆောင်း)ကို ဖေဖော်ဝါရီ၁၇ ရက်တွင် လည်းကောင်း၊ ပွန်ချောင်းတံတားကို ဖေဖော်ဝါရီ ၂၀ ရက်တွင် လည်းကောင်း ဆင်ခြင်တုံတရားမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုများကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် ယနေ့ နံနက် ၁၀ နာရီခန့်တွင်လည်း KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ကယားပြည်နယ် ဖားဆောင်းမြို့နယ်မှ မယ်စဲ့မြို့နယ်သို့ ဆက်သွယ်ထား၍ သံလွင်တံတား(ဖားဆောင်း) သည် ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိက အရေးပါသည့် သံလွင်တံတား(ဖားဆောင်း)ကို ဒုတိယအကြိမ် ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် တံတား၏အနောက်ဘက် ရေလယ်တိုင်များဖြစ်သည့် တိုင်အမှတ် (P-5)နှင့်(P-7)တို့ကြားတွင် အရှည် ပေ ၃၀၀၊ အကျယ် ၂၄ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

သံလွင်တံတား(ဖားဆောင်း) သည် ဖားဆောင်းမြို့အနီးရှိ သံလွင်မြစ်ကူးတံတားတစ်စင်းဖြစ်ပြီး တံတားအရှည် ပေ ၁၂၆၀၊ တံတားအကျယ် ၂၄ ပေ၊ လူသွားလမ်း ဘယ်ညာ သုံးပေစီရှိပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်အသုံးပြုခဲ့သော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ အမြော်အမြင်မဲ့စွာ ဆင်ခြင်မှုမရှိသော ဖျက်လိုဖျက်ဆီးလုပ်ရပ်များကြောင့် ယခုအခါ မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများရပ်တန့်လျက်ရှိပြီး ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက်သာရှေးရှု၍ ယုတ်မာရိုင်းစိုင်းစွာဖြင့် အများပြည်သူအဓိကသွားလာရာနှင့် ကုန်စည်များစီးဆင်းရာတွင် အဓိကအားထားအသုံးပြုနေသော စစ်ရေးပစ်မှတ်မဟုတ်သည့် သံလွင်တံတား(ဖားဆောင်း)ကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။

ယခုကဲ့သို့ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်ဖြစ်သော သံလွင်တံတား(ဖားဆောင်း)ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများသာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူများကပါ ရှုံ့ချမုန်းတီးစွာ ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိသည်။ တံတားပျက်စီးမှုကို သက်ဆိုင်ရာ လမ်း၊ တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံးပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းစဉ်များတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ နယ်မြေလုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့သည် မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့်တရုတ်နိုင်ငံသားတစ်ဦးကိုဖေဖော်ဝါရီ ၂၃ ရက် နေ့လယ်ပိုင်းတွင် တွေ့ရှိဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ယာဉ်မောင်း ဦးနိုင်လင်းထွန်းမောင်နှင့်ပြီး တရုတ်နိုင်ငံသားတစ်ဦး လိုက်ပါလာသည့် ရခိုင်ပြည်နယ် အမ်းမြို့နယ် ဆင်ခုံတိုင်ကျေးရွာရှိ တရုတ်-မြန်မာသဘာဝဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီမှ ကုမ္ပဏီပိုင် LAND CRUISER အမျိုးအစား မော်တော်ယာဉ်အမှတ် 5C/ ----- ကို စစ်ဆေးရာ အဆိုပါတရုတ်နိုင်ငံသားမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှ တရုတ်နိုင်ငံသား Jiang Dawen (ဘ) Jiang Chenggui၊ ၄၉ နှစ်ဖြစ်ကြောင်းသိရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိတရုတ်နိုင်ငံသား၏ ပြောကြားချက်အရ ၎င်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့နေ မာတီဆိုသူနှင့် သားရေလုပ်ငန်း အကျိုးတူပူးပေါင်းလုပ်ကိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်ထိ ကိုဗစ် ၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ မိသားစုနှင့်အတူ ပြန်လည်နေထိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်စဉ် ဒါကာလေဆိပ်သို့အရောက်တွင် ဒါကာမြို့၌ အကျိုးတူပူးပေါင်းလုပ်ကိုင်ခဲ့သူကို ဒေါ်လာ ၆၆၀၀၀၀ ပေးရန်ကျန်သည့် အမှုဖြင့် တရားစွဲဆိုထားခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အမှုရင်ဆိုင်စဉ် တရုတ်နိုင်ငံမှ ဇနီးဖြစ်သူနှင့် ညီဖြစ်သူတို့က အာမခံဖြင့် အချုပ်မှထုတ်ပေးခဲ့ကြောင်း၊ အမှုရင်ဆိုင်နေစဉ် ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုင်ငံရေးမတည်မငြိမ်မှုဖြစ်ပွားသဖြင့် ၂၀၂၅ ခုနှစ် ဇွန် ၂၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Teknaf မြို့ရှိ လှေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောမြို့သို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်စဉ် AA အကြမ်းဖက်အဖွဲ့၏ ဖမ်းဆီးခြင်းကိုခံရပြီး ထိုမှတစ်ဆင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် AA အကြမ်းဖက်အဖွဲ့က အမ်းမြို့နယ် ဆင်ခုံတိုင်ကျေးရွာရှိ တရုတ်-မြန်မာသဘာဝဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီသို့ ပို့ဆောင်ခဲ့ကြောင်း၊ အဆိုပါကုမ္ပဏီမှ မော်တော်ယာဉ်ဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် မန္တလေးမြို့သို့ထွက်လာစဉ်မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသားကို ငဖဲမြို့မ ရဲစခန်း၌ ထိန်းသိမ်းထားရှိပြီး မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၃ (၁)အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်တို့တွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်ထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသောအခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ၊ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

# အစဉ်အမြဲဂရုပြုသင့်သော မီးဘေးအန္တရာယ်

**ကိုယ်ဥချစ်(မန္တလေး)**

ခြောက်သွေ့သည့် နွေရာသီတွင် မီးလောင်မှုများ မကြာခဏဖြစ်တတ်သောကြောင့် သတိပြုရမည်ဖြစ်သည်။ မီးလောင်မှုအန္တရာယ်သည် ပူပြင်းခြောက်သွေ့သည့် နွေရာသီဥတုသာဖြစ်တတ်သည် မဟုတ်ဘဲ ရာသီမရွေး၊ အချိန်ခါမရွေး ဖြစ်ပေါ်တတ်သည့်အန္တရာယ်ဆိုသည်ကို အမြဲသတိပြုကြရမည်။

မီးလောင်သည့်ဖြစ်စဉ်များကို လေ့လာရာတွင် ပေါ့ဆမီး၊ လျှပ်စစ်မီး၊ မီးဖိုမီး၊ မသမာသူရှို့မီး၊ တောမီး စသည်တို့ကြောင့် ဖြစ်ပွားသည်ကို သိရှိနိုင်သည်။ မီးလောင်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိသကဲ့သို့ အချို့မီးလောင်မှုဖြစ်စဉ်များတွင် လူတို့၏ အသက်ဆုံးရှုံးမှုများပါ ရှိတတ်သည်။ မီးလောင်မှု အများစုသည် လျှပ်စစ်မီး၊ ပေါ့ဆမီးများကြောင့် အများဆုံးဖြစ်ပွားတတ်လေ့ရှိသည်။

မီးဆိုသည်မှာ သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ စည်းကမ်းတကျ သုံးစွဲသင့်သည်။ မျက်မှောက်ကာလတွင် အလင်းရောင်၊ ချက်ပြုတ်ရေး၊ စက်မှုလက်မှုလုပ်ငန်းများနှင့် လူထုဆက်သွယ်ရေးကိရိယာများအတွက် လျှပ်စစ်မီး သုံးစွဲမှု ပိုမိုများပြားလာသည်။ မီးသုံးစွဲမှု ပိုမိုများပြားလာသည်နှင့်အမျှ ပေါ့ဆမှု၊ စည်းကမ်းမရှိမှုများကြောင့် မီးသည်မိတ်ဆွေအဖြစ်မှ ရန်သူအဖြစ်သို့ ရောက်ရှိသွားတတ်သည်။

၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ၁၀ နှစ်တာ ကာလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ်ရေပေါင်း ၁၈၀၀၀ ခန့်ဖြစ်ပွားခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း ငွေကျပ် ၁၉၂ ဘီလီယံကျော်ရှိခဲ့သည်။ နှစ်စဉ်မီးလောင်မှုကြောင့် ပျမ်းမျှသေဆုံးသူ ၁၀၀ခန့်၊ ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ ၂၀၀ ခန့်ရှိခဲ့ကြောင်း ၂၀၂၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ်ရေပေါင်း ၁၁၅၀ ရှိခဲ့ပြီး လူ ၉၉ ဦးသေဆုံးကာ မီးလောင်ဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း ငွေကျပ်သန်းပေါင်း ၉၄၀၀ ရှိခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အချက်အလက်များအရ သိရသည်။

မီးလောင်လျှင် အနှစ်နှစ်အလလက စုဆောင်းရှာဖွေခဲ့ကြသည့် နေအိမ်၊ စည်းစိမ်ဥစ္စာများသည် အချိန်တိုအတွင်း ပျက်စီးဆုံးရှုံးရသည်။ မီးဘေးအန္တရာယ်ခံစားကြရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အခက်အခဲများစွာဖြင့် ပြန်လည်တည်ဆောက်ယူကြရသည့်အပြင် စိတ်ပိုင်းဆိုင်ရာ ိခိုက်မှုများကိုပါ ခံစားခဲ့ကြရသည်။ မီးဘေးအန္တရာယ်သည် တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်များကိုပါ ထိခိုက်စေသည်မှာ ထင်ရှားနေသည်။

မီးလောင်ကျွမ်းခြင်းသည် အပူနှင့်အလင်းထွက်ပေါ်လာသည့်ဓာတ်ပြုမှုတစ်ခုဖြစ်သည်။ ဓာတ်ပြုသည့်နှုန်း နှေးပါက နှေးကွေးသည့်ဓာတ်တိုးခြင်းသာဖြစ်တတ်သည်။ လောင်ကျွမ်းမှုသည် အလွန်လျင်မြန်သည့်နှုန်းနှင့်ဓာတ်ပြု၍ အပူနှင့်အလင်းကို ထုတ်လွှတ်ပေးသည်။ အပူ၊ အောက်ဆီဂျင်နှင့် လောင်စာများ သုံးမျိုးပေါင်းဆုံမိပါက မီးလောင်ကျွမ်းမှုကို ဖြစ်စေသည်။ ဤအကြောင်းသုံးရပ်ပေါင်းစည်းမိသည့် အချိန်ကြာလာသည်နှင့်အမျှ လောင်ကျွမ်းမှုကို ဆက်လက်ဖြစ်ပေါ်စေခြင်းကြောင့် ထိုသုံးမျိုးထဲမှ တစ်မျိုးမျိုးကို ဖယ်ထုတ်ပစ်နိုင်မှ လောင်ကျွမ်းမှုကို ရပ်တန့်စေသည်။ ထို့ကြောင့် သဘာဝအရရှိနေသည့် အပူနှင့်အောက်ဆီဂျင်များကို လောင်စာများနှင့် မထိတွေ့မိစေရန် ဂရုပြုရန်လိုသည်။

မီးဘေးအန္တရာယ်သည် ဘယ်အချိန်ဘယ်နေရာမှာ ဘယ်လိုဖြစ်မည်ဆိုသည်ကို ကြိုတင်တွက်ဆ၍ မရနိုင်ခြင်းကြောင့် မီးဘေးရှောင် မလောင်ခင်တားဆိုသည့်ဆောင်ပုဒ်အတိုင်း မီးလောင်မှ ငြိမ်းသတ်ခြင်းထက် မီးလောင်မှုမဖြစ်အောင်ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်သည်။ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် ပြည်သူတစ်ရပ်လုံးက အသိတရားနှင့်သတိထားကြရန်အရေးကြီးသည်။ မီးလောင်မှုမဖြစ်ပေါ်စေရန် မိမိ၏မိသားစုမှအစ ပတ်ဝန်းကျင်များကိုလည်း အမြဲသတိပေးနှိုးဆော်နေကြရမည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရန် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် ထုတ်ပြန်ထားသည်။

❖ **မီးလောင်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိသကဲ့သို့ အချို့မီးလောင်မှုဖြစ်စဉ်များတွင် လူတို့၏အသက်ဆုံးရှုံးမှုများပါ ရှိတတ်သည်။ မီးလောင်မှုအများစုသည် လျှပ်စစ်မီး၊ ပေါ့ဆမီးများကြောင့် အများဆုံးဖြစ်ပွားတတ်လေ့ရှိသည်။ မီးဆိုသည်မှာ သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ စည်းကမ်းတကျ သုံးစွဲသင့်သည်။ မျက်မှောက်ကာလတွင် အလင်းရောင်၊ ချက်ပြုတ်ရေး၊ စက်မှုလက်မှုလုပ်ငန်းများနှင့် လူထုဆက်သွယ်ရေးကိရိယာများအတွက် လျှပ်စစ်မီးသုံးစွဲမှုပိုမိုများပြားလာသည်။ မီးသုံးစွဲမှုပိုမိုများပြားလာသည်နှင့်အမျှ ပေါ့ဆမှု၊ စည်းကမ်းမရှိမှုများကြောင့် မီးသည် မိတ်ဆွေအဖြစ်မှ ရန်သူအဖြစ်သို့ ရောက်ရှိသွားတတ်သည်။** ❖

၁။ မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

၂။ မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

၃။ အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

၄။ ထင်းမီးဖိုကို အသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

၅။ ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

၆။ လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

၇။ နေအိမ်တွင်အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီးအသုံးပြုရန် မသင့်လျော်သောဟောင်းနွမ်းခြင်း၊ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့်အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

၈။ နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

၉။ မီးခြစ်အစရှိသော မီးဖြစ်စေသောပစ္စည်းများကို ကလေးသူငယ်များလက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

၁၀။ ကလေးငယ်များကို မီးဖြစ်ပေါ်စေသော ပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင် အစရှိသောပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်း မပြုပါစေနှင့်။

၁၁။ ဆေးလိပ်ကိုမီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

၁၂။ အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

၁၃။ ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

၁၄။ ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

၁၅။ အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သောကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟုသေချာမှသာ နေအိမ်မှ ထွက်ခွာပါ။

၁၆။ လူမနေသောအဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

၁၇။ နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲ အစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

၁၈။ မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာလေ့ကျင့်ပါ။

၁၉။ မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့်သဲများ ထားရှိရာတွင် မီးချိတ်သည်အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်။ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦးသယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်ထိ ပေါ့ပါးခိုင်ခံ့ရမည်။ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ၊ အများအပြားထားရှိပါက အလွယ်တကူသယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။

၂၀။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

မီးလောင်မှုမဖြစ်စေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ထုတ်ပြန်ထားသည့် အထက်ပါစည်းကမ်းချက်များကို ပြည်သူလူထုအနေဖြင့် တိကျစွာလိုက်နာဆောင်ရွက်သွားကြရန် လိုအပ်သည်။ ထို့ပြင် မိမိပတ်ဝန်းကျင်၌ မီးဘေးအန္တရာယ်ဖြစ်နိုင်သည့်အခြေအနေများ တွေ့ရှိပါက ပတ်ဝန်းကျင်ကို အသိပေးခြင်း၊ အဝင်အထွက်လမ်းများတွင် အရေးပေါ်ထွက်ပေါက်နှင့် လမ်းကြောင်းများကို စီစဉ်ထားရှိခြင်း၊ မီးလောင်မှု ဖြစ်ပွားခဲ့ပါက ပတ်ဝန်းကျင်သိမည်စိုးရိမ်ကာ ကျိတ်၍ မငြိမ်းဘဲ ပတ်ဝန်းကျင်ကို အကူအညီတောင်းခံ၍ မီးကို အမြန်ဆုံးငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

ဌာနဆိုင်ရာရုံးများ၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ၊ ဟိုတယ်၊ စက်သုံးဆီအရောင်းဆိုင်၊ ကုန်တိုက်၊ စားသောက်ဆိုင်များတွင် မီးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများကို ပြည့်စုံစွာထားရှိခြင်း၊ အရေးပေါ်ပြန်လည်တုံ့ပြန်ရေးအဖွဲ့၊ မီးငြိမ်းသတ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ပစ္စည်းသယ်ယူရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်၍ သင်တန်းပေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း၊ စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။ လမ်းမကြီးများ၊ လမ်းသွယ်များတွင် မီးသတ်ယာဉ်နှင့်မလွတ်ကင်းသည့်သစ်ပင်များ၊ လျှပ်စစ်ဝိုင်ယာကြိုးများ၊ ဝိုင်ဖိုင်ကြိုးများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ကြိုတင်ရှင်းလင်းခြင်း၊ မီးသတ်ယာဉ်အဝင်အထွက်ကို အနှောင့်အယှက်မဖြစ်စေရန် ရပ်ကွက်အလိုက်၊ လမ်းအလိုက် စီစဉ်ထားခြင်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်ထားသင့်သည်။

မီးဘေးအန္တရာယ်သည် အချိန်မရွေး၊ နေရာမရွေး ဖြစ်ပေါ်တတ်သည်။ ထို့ကြောင့် မီးကို အမြဲသတိပြုကြရမည်ဖြစ်သည်။ မီးကို စနစ်တကျမသုံးစွဲလျှင် မီးသည် မျက်နှာကြီးငယ်မလိုက်၊ ဆင်းရဲချမ်းသာမရွေး၊ နေရာမရွေး၊ ရာသီမရွေးမီးလောင်မှုဖြစ်ပွားနိုင်သည်။

ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် မီးကို အစဉ်အမြဲ ဂရုပြုကြပါရန် နှိုးဆော်ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မီးသတ်ဦးစီးဌာန၊ မီးဘေးလုံခြုံရေးတာဝန်ခံသင်တန်း၊ သင်ခန်းစာမှတ်စု**
- **နေ့စဉ်ထုတ် သတင်းစာများ**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၈-၅-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အထွေထွေ(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ ၂၇-၂-၂၀၂၆ ရက်နေ့မှ ၂၁-၄-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အထွေထွေ(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့ လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ် ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ (မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံ လစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို ၁၈-၂-၂၀၂၆ ရက်နေ့ (အစား) ၂၈-၂-၂၀၂၆ ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

### ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသောသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရေဦး ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၇၆၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ တင်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ရေဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၂၇၆၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေလက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍သိရသည်။

(၂၀၆)

## မကွေးမြို့နယ် သံဘိုလေးကျေးရွာ၌ VDPစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းပြီးစီးမှု စစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ညောင်ကန်ကျေးရွာအုပ်စု သံဘိုလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများပြီးစီးမှုကို ဖေဖော်ဝါရီလ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦး၊ မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွန်းနှင့်တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

သံဘိုလေးကျေးရွာ၌ လမ်းအရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၅၀ အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ဖေဖော်ဝါရီလ ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်သဖြင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ငြိမ်းသူ**








## ပျောက်ဆုံးကြောင်း

နမ့်ခမ်းမြို့၊ အမှတ်(၁၄)ရပ်ကွက်၊ အောင်မေတ္တာရပ်နေ အေးမေ (ဘ) ဦးမိုင်ငင်း(၁/မစန(နိုင်)၀၁၀၇၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-651535513

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကျောက်နဂါးရွာနေ မမြတ်ခရေ (ဘ) ဦးအေးဝင်း (၉/မကန(နိုင်)၁၆၃၇၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-954967)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-779454627

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အထက(ဇဂျမ်း)၊ Grade-12 တွင် ပညာသင်ကြားနေသော မကူးကူးစံ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမျိုးဖြစ်ပါကြောင်း။

ဦးမျိုး(၉/တသန(နိုင်)၀၀၀၁၁၀)




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်မှ စတင်၍ အပိုင်း သုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့ပြီး ကျင်းပသည့်မြို့နယ်များအားလုံးတွင် ရာနှုန်းပြည့်ကျင်းပနိုင်ခဲ့...

❖ ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအနေဖြင့် တပ်မတော်အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ခြင်းပင်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင်ပြုလုပ်သော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများကို Video Conferencing ဖြင့် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၅

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၉) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဗေယျကျော်ထင် စည်သူ ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဗထူးတပ်နယ်မှ

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို စာမျက်နှာ - ၂၄

ကယားပြည်နယ် သံလွင်မြစ်ကူးတံတားတစ်စင်းဖြစ်သည့် ဖားဆောင်းမြို့နယ်မှ မယ်စဲ့မြို့နယ်သို့ဆက်သွယ်ထားသည့် သံလွင်တံတား(ဖားဆောင်း)ကို KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဒုတိယအကြိမ် ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီး စာမျက်နှာ - ၂၇

